www.burmeseclassic.com

ဝင်းရွှေနောင်

# မော်ကြေးမုံနှင့်အခြားပုံပြင်များ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပဥ္စ ဂုဏ် အဟဲ ဝန္ဒာမိ
ဝင်းရွှေနှောင်
# မှော်ကြေးမုံနှင့် အခြားပုံပြင်များ

အဖုံးခွင့်ပြုချက်အမှတ်
၅၁၀၀၄၆၁၀၆၀၆
စာမူခွင့်ပြုချက်အမှတ်
၅၁၀၀၃၅၀၆၀၅
စတုတ္ထအကြိမ်
၂၀၀၆ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၃၀၀ ကျပ်
အဖုံးနှင့် အတွင်းပုံနှိပ်သူ
ဒေါ်မြင့်မြင့်တင် (မြင့်သီဂိပုံနှိပ်တိုက်)
အမှတ် (၂၀၈)၊ လမ်း ၃၀၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဦးလှနိုင် (မြိုတ်စာပေ)
အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖြန့်ချိရေး
မြိုတ်စာပေ၊ ၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်။
မီးစဉ်သူ
ကိုလှနိုင် (မြိုတ်)
အထက်မြန်မာပြည်ဖြန့်ချိရေး
နဂါးစာပေ (မန္တလေး)
ထွန်းဦးစာပေ (မန္တလေး)

www.burmeseclassic.com

www.burmeseclassic.com

ဝင်းရွှေနောင်

# မော်ကြေးမုံနှင့် အခြားပုံပြင်များ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## မော်ကြေးမုံနှင့် အခြားပုံပြင်များ


| အမှတ်စဉ် | ခေါင်းစဉ် | စာမျက်နှာ |
| --- | --- | --- |
| ၁ | အကြောင်း တစ်ချက် | ၅ |
| ၂ | ဟန်ဆောင်ကာမှုပို | ၁၁ |
| ၃ | သူရဲကောင်း | ၁၈ |
| ၄ | သူတော်ကောင်းကို မပြစ်မှားရာ | ၂၃ |
| ၅ | နတ်သမီးဘဝတွင် ကျေးဇူးဆပ်မြဲဆပ်သူ | ၃၁ |
| ၆ | မော်ကြေးမုံ | ၃၉ |
| ၇ | အလိုက်သိတဲ့ တောခွေး | ၄၈ |
| ၈ | နေရာချင်းတော့ မလဲဘူး | ၅၃ |
| ၉ | အပြောမတတ်တော့ | ၆၁ |
| ၁၀ | အဖိုးတန်ဆုံးသော အရာ | ၆၇ |
| ၁၁ | စာလိုက်မှုဆိုး | ၇၄ |
| ၁၂ | အမတ်ကြီး ဦးပေါ်ဦး | ၈၀ |
| ၁၃ | မြင်းလိမ္မာကြီး ကြာညို | ၈၅ |
| ၁၄ | ပန်ဒါဝက်ဝံလေးတွေရဲ့ မျက်ရည် | ၉၆ |
| ၁၅ | မတုပသင့်သည်ကို မတုပရာ | ၁၀၁ |


www.burmeseclassic.com

www.burmeseclassic.com

# အကြံကောင်းတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com

# အကြံကောင်းတစ်ချက်

တစ်ခါတုန်းက မြစ်ကြီးတစ်ခုမှာ ကျက်စားနေတဲ့ မိကျောင်းကြီးတစ်ကောင် ရှိသတဲ့။

အဲဒီမိကျောင်းကြီးဟာ အင်မတန်မှ ဆိုးသွမ်းတယ်၊ မြစ်ထဲသွားလာနေကြတဲ့ လှေသမ္ဗာန်တွေကို မှောက်ပစ်လေ့ ရှိတယ်။

လှေပေါ်ပါလာတဲ့ လူတွေကို စားသောက်ပစ်တာ ပေါ့။

လူတွေဟာ ဒီမိကျောင်းကြောင့် မြစ်ကြီးကိုဖြတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ခရီးမသွားဝံ့ကြဘူး၊ အလုပ်အကိုင်တွေ ပျက်ကုန်ကြတာပေါ့။

နှိမ်နင်းလို့လည်း မမိနိုင်ဘူးတဲ့၊ အင်မတန်မှ အပုန်းကောင်းတဲ့ မိကျောင်းဖြစ်တယ်။

မြစ်ကြီးနဲ့ မနီးမဝေးမှာရှိတဲ့ တောထဲမှာ ယုန်ပညာရှိတစ်ကောင် နေထိုင်တယ်။

တောထဲမှာလည်း အင်မတန်မှ စဉ်းလဲတဲ့ မြေခွေးတစ်ကောင်ရှိတယ်။ သူဟာ တောသတ္တဝါလေးတွေကို မညှာမတာ ကိုက်ဖြတ်စားသောက်လေ့ရှိတယ်။

ဒီမြေခွေးအတွက် အားလုံးအခက်တွေ့ နေကြတာပေါ့။ ကိုယ့်အသိုက်၊ ကိုယ့်ဝန်းကျင်ထဲကတောင် မထွက်ရဲအောင် ဖြစ်နေကြရတယ်။ အစာလည်း ရှာမစားနိုင်ကြဘူးပေါ့။ ယုန်ပညာရှိလေးဟာ စဉ်းစားမိတယ်။

"အင်း. . . ဒီအတိုင်းသာဆိုရင် တိရစ္ဆာန်မှတွေအားလုံး ဒုက္ခရောက်ကုန်ကြတော့မှာပဲ၊ ဘယ်လိုလုပ်ရင် ကောင်းပါ့မလဲ၊ မြစ်ထဲမှာလည်း မိကျောင်းကြီးတစ်ကောင် ပိုလို့သောင်းကျန်းနေသေးတယ်၊ အဲ့ဒါလည်း အခက်တစ်ခုပဲ"

ယုန်လေးဟာ သူတို့နှစ်ယောက်ကို ဘယ်လိုနှိမ်နင်းရပါ့မလဲဆိုပြီး အကြံဉာဏ်ထုတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကမ်းစပ်မှာ သွားပြီးထိုင်နေမိတယ်။

အဲသည့်အချိန်မှာ မိကျောင်းကြီးဟာ ယုန်လေးနဲ့မနီးမဝေး ရေပြင်မှာ ရှိနေတယ်။

ယုန်လေးကို သူ တွေ့သွားတာပေါ့

"ဟေ့ . . ယုန်လေး၊ မင်းရဲ့အသားကို ငါ စားချင်လိုက်တာကွာ၊ ယုန်သားဟာ တော်တော်ချိုတယ်လို့ ပြောတယ်"

"ဟာ . . အဲ့ဒါတော့ ခင်ဗျား မှားပြီ ကျွန်တော့်အသားထက် မြေခွေးအသားက ပိုပြီးတော့ ချိုတယ်၊ သိလား၊ ခင်ဗျား မြေခွေးအသား စားဖူးရဲ့လား"

"စားတော့မစားဖူးဘူးကွ၊ မြေခွေးအသား ချိုတယ်လို့ မကြားဖူးပါဘူးကွာ"

"မယုံမရှိနဲ့ဗျို့၊ တစ်ကယ်ပြောတာ၊ ခင်ဗျား စားချင်ရင် ကျွန်တော် ဖန်တီးပေးမယ်"

"ဒါဆို လုပ်စမ်းပါကွာ၊ မင်းရဲ့ကျေးဇူး မမေ့ပါဘူး"

"ကောင်းပြီ၊ ဒါဆို ကျွန်တော်ခေါ်လာမယ်၊ တစ်ခုတော့ ရှိတယ်၊ မြေခွေးရောက်လာရင် ခင်ဗျားက ရေထဲမှာ ခေါင်းလေးငုံ့ပြီး သစ်တုံးယောင်ဆောင်နေ၊ မြေခွေးလို ခင်ဗျားရဲ့ ကျော်ပေါ်တင်ပေးလိုက်မယ်၊ ကိုယ့်ပိုင်နက်ထဲရောက်



www.burmeseclassic.com

www.burmeseclassic.com



မှ သဘောပေါ့ဗျာ”

မိကျောင်းလည်း သဘောတူလိုက်တယ်။

ယုန်လေးဟာ မြွေခွေးဆီ သွားပြန်တယ်။

“ခင်ဗျားက ဒီမှာ စားကောင်းတဲ့အရာတွေ ရှိနေတယ်ဆိုပြီး ပျော်မွေ့နေ၊ ဟိုဘက်ကျွန်းမှာ တိရစ္ဆာန်လေးတွေပိုပြီး ပေါတယ်ဆိုပဲ၊ ပြီးတော့ ပိုပြီးလည်း စားကောင်းတယ်တဲ့”

အစားအသောက်ဆို ငမ်းငမ်းတက်နေတဲ့ မြွေခွေးဟာ ယုန်လေးရဲ့စကားကို ယုန်ကြည်သွားခဲ့တယ်။

“ဟော. . ဟုတ်လား၊ ငါသွားချင်လိုက်တာကွာ၊ ဒါပေမယ့် ရေပြင်ကြီးကို ဖြတ်ပြီးသွားဖို့အတွက် ခက်ခဲတယ်ကွ၊ ငါမှ ရေမကူးတတ်တာ”

“အဲဒီအတွက် ဘာမှမပူပါနဲ့၊ ကျွန်တော် စီစဉ်ပေးပါ့မယ်၊ ကျွန်တော် အမိန့်ပေးလိုက်ရင် ဘယ်သစ်တုံးမဆို ရေပြင်ကြီးကို ဖြတ်ပြီးသွားရတယ်၊ ခင်ဗျား သစ်တုံးပေါ် ကစီးပြီး လိုက်သွားပေါ့”

“တယ်ဟုတ်ပါလားကွ”

“ဒါပေမယ့် ဟိုဘက်ကျွန်းက သားကောင်တွေဟာ အင်မတန် အနံ့ခံကောင်းကြတယ်၊ ခင်ဗျားရဲ့ကိုယ်က ဘာအ



www.burmeseclassic.com

www.burmeseclassic.com



နဲ့မှ မရအောင် ဆေးရည်တစ်မျိုးမျိုး လိမ်းပေးလိုက်မယ်"

ယုန်လေးဟာ မြေခွေးရဲ့ကိုယ်ပေါ်မှာ သစ်ပင်တစ်ပင်က ထွက်တဲ့အဆိပ်ရည်တစ်မျိုးကို လိမ်းကျံပေးလိုက်တယ်"

ကမ်းစပ်ကိုရောက်တဲ့အခါ မိကျောင်းကြီးဟာ ခေါင်းကို ရေထဲငုပ်ထားပြီး ငြိမ်သက်နေသတဲ့"

"ကဲ. . ကိုမြေခွေး၊ အဲသည့် သစ်တုံးပေါ် ကိုတက်၊ ကျွန်တော် အမိန့်ပေးလိုက်ရင် ခင်ဗျားကို ဟိုဘက်ကမ်း ရောက်တဲ့အထိ ခေါ်သွားလိမ့်မယ်"

"အေး. . မင်းပြောတဲ့အတိုင်း မဖြစ်ရင်တော့ မင်းကို ငါ စားရမှာပဲဟေ့"

မြေခွေးကပြောပြီး သစ်တုံးပေါ် တက်လိုက်တယ်"

"ဟဲ့. . . သစ်တုံးကြီး ဟိုဘက်ကမ်းကို ကူးသွားစမ်း"

အမိန့်ပေးလိုက်တဲ့အခါ မိကျောင်းကြီးလည်း ရေပြင်ကို ဖြတ်ပြီး ကူးသွားပါလေရော။

ရေလယ်ကိုရောက်တဲ့အခါ မိကျောင်းကြီးဟာ သူ့ တစ်ကိုယ်လုံးကို ရေထဲကနေ တစ်ဖြည်းဖြည်း ပေါ်စေလိုက်တယ်။ မြေခွေးလည်း မိကျောင်းကြီးမှန်းသိသွားတဲ့အခါ သိပ်ပြီး ကြောက်လန့်သွားခဲ့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး. . . မိကျောင်းကြီးပါလား"

"ဟား. . ဟား. . . ဟား. . . ဟား. . ၊ မင်းကိုစားချင်လို့ ငါဉာဏ်ဆင်ပြီး ခေါ်လိုက်တာကွ"

မိကျောင်းကြီးဟာ အားရဝမ်းသာစွာနဲ့တအား အော်ပြီး ရယ်ပစ်လိုက်တယ်၊ မြေခွေးကိုလည်း ကိုယ်ပေါ်ကလှုပ်ခါလိုက်တယ်။ ရေထဲကျသွားတဲ့ မြေခွေးဟာ ဘယ်လိုမှလွတ်မြောက်အောင် မပြေးနိုင်တော့ဘူး၊ မိကျောင်းရဲ့ ဝါးမြိုစားသောက်ခြင်းကို ခံလိုက်ရတယ်။

ဒါပေမယ့် မြေခွေးရဲ့ကိုယ်ပေါ်မှာ အဆိပ်ရည်တွေလိမ်းကျံထားတဲ့အတွက် မြေခွေးကို စားမိတဲ့မိကျောင်းလည်း အဆိပ်မိပြီး သေဆုံးသွားသတဲ့ကွယ်။

အကြံပိုင်တဲ့ ယုန်ကလေးကြောင့် အင်မတန်ဆိုးဝါးတဲ့ မိကျောင်းကြီးနဲ့ မြေခွေးတို့ဟာ သေဆုံးသွားခဲ့ကြရတယ်။

အနီးအနားက ရွာသူရွာသားတွေရော၊ တိရစ္ဆာန်တွေကပါ၊ ပညာရှိယုန်ကလေးကို သိပ်ပြီး ကျေးဇူးတင်နှုန်းမိကြသတဲ့ကွယ်။ ။



www.burmeseclassic.com

www.burmeseclassic.com

# ဟန်ဆောင်ကာမှုပို



www.burmeseclassic.com

www.burmeseclassic.com

## ဟန်ဆောင်ကောမှုပို

တစ်ခါတုန်းက ရွာတစ်ရွာမှာ မောင်ကံနဲ့မယ်နှုပ်ဆိုတဲ့ လင်မယားနှစ်ယောက် ရှိကြတယ်။

သူတို့နှစ်ယောက်ဟာ စပြီးညားကတည်းက စီးပွားရေး အဆင်မပြေကြဘူး။

မောင်ကံက ဟိုစပ်ရပ် ဒီစပ်စပ်နဲ့လုပ်တယ်၊ အလုပ်တစ်ခုတည်းကို စွဲစွဲမြဲမြဲ မလုပ်ဘူး၊ ဒါကြောင့်မို့ ရရစားစား ဘဝနဲ့ပဲ အလျှင်မှီအောင် ရုန်းကန်နေကြရတယ်။

မယ်နှုပ်ကတော့ သူ့ယောကျ်ားကို အားမရဘူး၊ ကြီးပွားချမ်းမယ့်အလုပ်ကို လုပ်စေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



“တော်. . ဒီလိုချည်းပဲ နေလို့ကတော့ ဘယ်တော့မှ လူမွဲလူတောင် ပြောင်မှာမဟုတ်ဘူး၊ တစ်နယ်တစ်ကျေး ထွက်ပြီး အလုပ်လုပ်ပါလား။ သူများတစ်တွေ သည်လိုပဲ အရပ်ကိုစွန့်ပြီး စီးပွားရှာကြတာပဲ”

မိန်းမက နေ့စဉ်လိုလို နားပူနာဆာ လုပ်တော့၊ ယောကျ်ားလည်း စိတ်ညစ်လာတယ်။

“အေး. . ငါတစ်မြို့တစ်ရွာကိုသွားပြီး အလုပ်လုပ်တော့မယ်ကွာ”

မောင်ကံလည်း အလုပ်အကိုင်ကောင်းတဲ့ မြို့တစ်မြို့ကို ထွက်သွားတယ်၊ ကြိုးစားပြီးတော့ လုပ်တယ်။ အိမ်အပြန် ငွေထုပ်ပိုက်ပြီး ပြန်လာနိုင်အောင်လို့ပေါ့။

ဒါပေမယ့် ကျန်းမာရေးက ချို့ယွင်းလာပြီး နေမကောင်း ဖြစ်ပါလေရော၊ သူစုထားတဲ့ ငွေတွေလည်း ကုန်သွားတယ်၊ ဆေးကုရလို့ပေါ့။

ပြုစုမယ့်လူလည်း မရှိတာနဲ့ အိမ်ကိုပြန်လာခဲ့တယ်။

အိမ်ကိုရောက်တော့ လှေခါးအောက်မှာ အားပြတ်ပြီး ခွေလဲကျသွားတယ်၊ အပေါ်ကို မတက်နိုင်တော့ဘူး။

မောင်ကံ ငွေမပါလာပဲ ရောဂါသာပါလာပြီး လှေခါး

www.burmeseclassic.com



ရှင်းမှာ မသန့်နိုင်ပဲ ဖြစ်နေတာကို မယ်နှိုပ်သိသွားတယ်။

မောင်ကံ့ကို မတွေ့နိုင်ဘူးပေါ့။ အိမ်ပေါ်ကိုလည်း တွဲမြှိုးတော့ မတက်ဘူး။ အပေါ်တက် အောက်ဆင်းလုပ်တာတောင် မောင်ကံ့ပေါင်ပေါ်က ကျော်သွားလိုက်၊ ခြေသလုံးပေါ်က ကျော်သွားလိုက်နဲ့ လုံးဝကို ဂရုမစိုက်ဘူး။

"ဟဲ့ . . မယ်နှုပ်၊ ငါနေမကောင်း ဖြစ်လာတယ်၊ ဆေးလေးဘာလေး တိုက်ဖို့မစဉ်းစားတော့ဘူးလား"

မခံသာတဲ့အဆုံး ပြောချလိုက်တော့ . . .

"တော် . . ငွေရှာသွားတာ ငွေမပါလာပဲ ရောဂါသာခေါ်လာခဲ့တာ မဟုတ်လား၊ ကောင်းတယ်၊ သိပ်ကောင်းပေါ့"

ခပ်ငေါ့ငေါ့နဲ့ ပြန်ပြောလိုက်သတဲ့၊ မယ်နှုပ်ဟာ မောင်ကံ့အတွက် ရေနွေးအိုးတယ်ရတယ်၊ ဆေးသောက်ဖို့ ဝယ်ရတယ်၊ ခေါ်တိုက်ရတယ်၊ ကြည်ကြည်သာသာ လုပ်ပေးတာတော့ မဟုတ်ဘူးပေါ့။

"အင်း . . ငါငွေမပါလာလို့ မိန်းမက ငြူစူတာပဲ၊ နေဦးပေါ့ကွာ၊ ဒီတစ်ခါ ငွေထုပ်ပိုက်ပြီးမှ မြို့ကပြန်ခဲ့မယ်ဟေ့"

စိတ်ထဲကနေ ကြုံးဝါးလိုက်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နေကောင်းသွားတော့ မြို့ကိုတက်တယ်။ အလုပ်ကို ပိုပြီးတော့ ကြိုးစားတယ်၊ ငွေတွေစုမိတယ်။

လအတန်ကြာတော့ အိမ်ကိုပြန်လာခဲ့တာပေါ့။

ဒါပေမယ့် မောင်ကံဟာ ဟိုတစ်ခါပြန်လာစဉ်ကလို နေမကောင်းချင်ယောင် ဆောင်လာတယ်။

အိမ်ကိုရောက်တော့ အဖျားတက်ချင်ဟန်ဆောင်ပြီး လှေခါးခြေရင်းမှာ တုံးလုံးကြီးလဲပြနေတာပေါ့။

ပါးစပ်ကလည်း ညည်းပြနေသတဲ့။

မယ်နှပ်ဟာ ယောက်ျားရဲ့အခြေအနေကို မြင်လိုက်ရတဲ့အခါမှာ. . .

"အင်း. . . နေမကောင်းဖြစ်လာပြန်ပြီ ထင်တယ်၊ ဒီတစ်ခါလည်း ငွေပါလာမှာ မဟုတ်ပါဘူး"

ဆိုပြီး စိတ်ပျက်သွားမိတယ်၊ လှေခါးပေါ်က အတက် အဆင်းလုပ်ရင်း ယောက်ျားကိုထွေးပွေ့ပြီး အိမ်ပေါ်မတင်တဲ့ အပြင် ကိုယ်ပေါ်ကျော်လွှားပြီးသွားတယ်။

ခါတိုင်း ခါးအောက်ပိုင်းသာ ကျော်ရင်၊ အခု လည်ပင်းကနေ ကျော်လာတယ်၊ ရင်ပတ်အထိ ကျော်လာတယ်၊ ငွေမပါလို့ မကျေနပ်မှုတွေကို ပိုပြီးတော့ ပြလာတာပဲလို့ ဆို



www.burmeseclassic.com

www.burmeseclassic.com



ပါတော့။

ယောကျ်ားကလည်း သိတယ်၊ ဒီမိန်းမ သူ့ကိုရွဲ့နေတာပဲဆိုတာ။

"မယ်နှပ်ရယ်၊ ငါ့ခေါင်းထဲ ကိုက်လိုက်တာ၊ အာခေါင်ထဲလည်း ပူတယ်၊ ချွေးလည်းမထွက်ဘူး၊ ရေနွေးအိုးလေး တည်ပေးစမ်းပါလား"

ညည်းညူပြီး တောင်းပန်လိုက်သတဲ့။

"ရေနွေးအိုး တည်ဖို့ထင်းမရှိဘူးတော့၊ သွားဝယ်ရအောင် မယ်၊ ထင်းသွားဝယ်ဖို့ကလည်း ပိုက်ဆံမရှိဘူး"

ဆောင့်အောင့်ပြီးတော့ ပြောတဲ့အခါမှာ. . .

"ထင်းမရှိရင် ငါ့မှာ ဝါးဘိုးဝါးလေး ပါလာတယ်၊ အဲဒါကို ခုတ်ပြီး မီးမွှေးပါလားကွယ်"

သူ့ဝါးဘိုးဝါးကို မိန်းမကယူသွားတယ်၊ စိတ်ကတော့ ဒီယောကျ်ား ခိုင်းတာကို နည်းနည်းလေးမှ မလုပ်ချင်ဘူး၊ ဝါးဘိုးဝါးကြီးကို ဓားမကြီးနဲ့ ခွဲချလိုက်တဲ့အခါမှာ ဂွမ်းကနဲဆို ကွဲသွားပြီး. . .

အထဲက ငွေဒင်္ဂါးတွေ ဝေါကနဲဆို ကျလာခဲ့သတဲ့။

မယ်နှပ်လည်း ပိုက်ဆံတွေကို မြင်လိုက်ရလို့ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးသွားတယ်။ သူ့အယ်လိုမှ မထင်မှတ်ခဲ့ဘူးလေ၊ သူ့ယော ကျ်ားက အလုပ်လုပ်ရင်း စုဆောင်းခဲ့တဲ့ ပိုက်ဆံတွေမှန်း သိ လိုက်ရတဲ့အခါ သိပ်ကို ဝမ်းသာသွားခဲ့တာပေါ့။ ပျော်လည်း ပျော်သွားမိတယ်။

အဲဒီတော့မှ အိမ်အတက်အဆင်း လှေခါးထစ်မှာ ခွေ ခွေကလေး ဖြစ်နေတဲ့ မောင်ကံကို ပွေ့ထူလိုက်တယ်။ တွဲပြီး အိမ်ပေါ်ကို ခေါ်တင်လာတယ်၊ အိပ်ယာထဲမှာ ဂရုတစိုက်နဲ့ သိပ်လိုက်တယ်။

ပြီးတော့ မျက်နှာပေး အမူအယာလေးကလည်း အင် မတန် နူးနူးညံ့ညံ့၊ လေသံလေးကလည်း ပျော့ပျောင်းသွားပြီး မေးလိုက်တာက. . . .

"ကိုကံ နေမကောင်းဘူး မဟုတ်လား၊ မယ်နှပ်ပြုစု မှာပေါ့၊ ဒီကိစ္စတော့ သက်သာနေနော်၊ နေဦး. . . ကိုကံ သောက်ဖို့ ဆေးသွားဝယ်လိုက်ဦးမယ်နော်"

ဆိုပြီး တယုတယနဲ့ စောင်ကိုခြုံပေးလိုက်သတဲ့။ ကြမ်း ခင်းကိုလည်း စောစောကလို ဆောင့်အောင့်ပြီးမနင်းပဲ ဖွဖွ လေးနင်းပြီး ထွက်သွားသတဲ့။

မိန်းမအိမ်အောက်ကို မရောက်ခင် မောင်ကံလည်း



www.burmeseclassic.com

www.burmeseclassic.com



မအောင့်အည်းနိုင်တော့ပဲ မယ်နှုပ်အဖြစ်ကိုကြည့်ပြီး အားပါး တရ ရယ်ချလိုက်ပါလေရော။

အဲ့သည့်တော့မှ မယ်နှုပ်လည်း မောင်ကံသူ့ကိုတမင် လှည့်စားလိုက်မှန်း သိသွားတော့ ရှက်ရှက်နဲ့ . . .

"သေနာကြီး၊ ဒီကတော့ အဟုတ်မှတ်လို့ . . ."

ဒါပေမယ့် . . .

သေနာကြီးလို့ ပြောလိုက်တဲ့ မယ်နှုပ်ရဲ့မျက်နှာက တော့ ပြုံးတုံးတုံးကြီး ဖြစ်နေတယ် သ။ ။



www.burmeseclassic.com

www.burmeseclassic.com




# သူရဲကောင်း

www.burmeseclassic.com

www.burmeseclassic.com

# သူရဲကောင်း

တစ်ခါတုန်းက ရွာတစ်ရွာမှာ သူကြွယ်လင်မယား နှစ်ယောက် ရှိသတဲ့။ သူတို့မှာ သားသမီးသုံးယောက် ရှိတယ်။

ဇနီးဖြစ်သူဟာ တစ်နေ့တော့ ကိုယ်ဝန်ရှိလာပြန်တယ်။ အဲ့ဒီကလေး ကိုယ်ဝန်ရှိလာတဲ့ အချိန်မှာ အိမ်ကို ဓားမြ တိုက်ခံရတယ်။ ရွာလည်း အကြီးအကျယ် မီးလောင်တယ်။

မွေးလာတဲ့နေ့မှာ သူကြွယ်ကြီးရဲ့ ကုန်တွေတင်လာတဲ့ သင်္ဘောအချို့ဟာ ပင်လယ်ပြင်မှာ မုန်တိုင်းမိပြီး နစ်မြုပ် ဆုံးရှုံးကုန်သတဲ့။

မိခင်ဟာ ယောက်ျားလေး မွေးဖွားလာပါတယ်။ ဒီက



www.burmeseclassic.com

www.burmeseclassic.com



လေး အကုသိုလ်ကံ ကြီးမားတယ်ဆိုပြီး ဘယ်သူကမှ မချစ်ကြဘူး။

ညီအစ်ကို မောင်နှမတွေကလည်း ခိုက်တဲ့ကလေးမို့ မကြင်နာကြဘူးတဲ့။ ရွာသူရွာသားတွေကပါ ကလေးကို မလိုလားကြဘူး။ သူ့နာမည်ကို ကံဆိုးလို့ မညာမတာ မှည့်ခေါ်ကြတယ်။

မောင်ကံဆိုးလေးဟာ တဖြည်းဖြည်းကြီးပြင်းလာတယ်။ မိဘကလည်း တခြားသားသမီးတွေလို အရေးတယူ မရှိဘူး။ ချစ်ခင်ဟန်လည်း မပြဘူး။ ညီအစ်ကို မောင်နှမတွေကလည်း အရေးတဝင် သိပ်မရှိလှဘူး၊ ကစားဖော်ကစားဖက်တွေဆိုတာလည်း မရှိတဲ့အတွက် သူဟာသာသူတစ်ယောက်တည်း ရွာပြင်မှာထွက်ပြီး ကစားလေ့ရှိတယ်။

မောင်ကံဆိုးဟာ ထန်းလက်တွေကို ဓားလုပ်ပြီး ဓားသိုင်းကတယ်။ အပင်တွေကို ရန်သူလိုသဘောထားပြီး ခုတ်တယ်၊ ထစ်တယ်၊ နွယ်ပင်တွေကို ခုတ်ဖြတ်၊ သစ်ပင်ကြီးတွေအပေါ်မှာ တွဲလွဲဆင်ပြီး ဟိုအပင်ကသည်အပင်၊ သည်အပင်က ဟိုအပင် ရောက်အောင်ကူးတယ်။

သူ့ကို တစ်ရွာလုံးက ဝိုင်းပယ်ထားကြပေမယ့် အား



www.burmeseclassic.com

www.burmeseclassic.com



ငယ်စိတ်ကတော့ လုံးဝမရှိဘူး၊ အလုပ်လုပ်ချင်လို့ နွားကျောင်းခွင့်တောင်းတဲ့အခါ ဖခင်သူကြွယ်ကြီးက. . .

"မင်း နွားသွားကျောင်းလည်း ငါ့နွားတွေ ဆုံးရှုံးကုန်မှာပဲ၊ မင်းက မွေးကတည်းက အကျိုးပေးလာတဲ့ကောင်မှ မဟုတ်တာ၊ ဒုက္ခထပ်ပြီး မပေးချင်စမ်းပါနဲ့ကွာ"

"အဖေ၊ ကျွန်တော့်ကို ဒီလောက်တောင် မလိုလားတော့ဘူးလား၊ ဒါဆိုရင်လည်း တစ်ခြားတစ်နေရာမှာ ကျွန်တော်သွားနေပါတော့မယ်၊ အဖေတို့ ကျွန်တော့်မျက်နှာကိုဘယ်တော့မှ မမြင်စေရတော့ပါဘူး"

မောင်ကံဆိုးလေးဟာ ဖခင်ကိုယ်တိုင်က အားမပေးတဲ့အတွက် ဝမ်းနည်းကြေကွဲတဲ့စိတ်နဲ့ အိမ်ကထွက်သွားခဲ့ရှာတယ်၊ သူ့ကိုမသွားပါနဲ့လို့လည်း ဘယ်သူကမှ မတားကြဘူး။

မောင်ကံဆိုး မရှိတော့တဲ့အတွက် ရွာသူရွာသားတွေတပါ ဝမ်းသာနေကြတယ်၊ သူရှိနေရင် လာဘ်တောင်ပိတ်နေတယ်လို့ အယူရှိနေကြတယ်။

မြေဦးတည့်ရာ ထွက်လာခဲ့တဲ့ မောင်ကံဆိုးလေးဟာ ဇရပ်တစ်ခုမှာ လူကြီးတစ်ယောက် သေလုမျောပါး ဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်ရတယ်။ ဝမ်းတွေသွားပြီး အညစ်အကြေးတွေက ပေပွနေတယ်။

သနားမိတာနဲ့ အဲဒီလူကြီးကို သူကပြုစုတယ်၊ တောထဲမှာ သစ်မြစ်၊သစ်ဉ၊ ဥစ်ရွက်တွေအချို့ကို ရှာဖွေထောင်းထုပြီး ဆေးအဖြစ်တိုက်တယ်။

လူ့ပတ်ဝန်းကျင် ပစ်ထားလို့ တောထဲမှာ အနေများတဲ့အတွက် ဘယ်အပင်ဟာ ဆေးဘက်ဝင်သလဲ ဆိုတာသိထားတယ်၊ ကြားဖူးနားဝနဲ့ လေ့လာထားလို့လည်း ဖြစ်တယ်။

သူပြုစုလို့ သက်သာကျန်းမာလာတဲ့ လူကြီးဟာ မောင်ကံဆိုးကို သိပ်ပြီး ကျေးဇူးတင်မိသွားတယ်။

"ဦးလေးဟာ မင်းပေးတဲ့ အသက်ပဲရှိပါတော့တယ်ကွာ၊ ဦးက ခရီးသွားပါ၊ ဒါနဲ့ မင်းကဘယ်သူလဲ၊ ဘယ်မှာနေ သလဲ"

အဲဒီလို မေးတဲ့အခါ သူက မဖြေချင်ဘူး။ သူ့အဖြစ်အပျက်ကိုသိရင် အထင်သေးသွားမှာကို စိုးရိမ်မိတယ်။ ဒါပေမယ့် သူဟာ လိမ်ညာပြီး မပြောလိုတဲ့အတွက် အမှန်အတိုင်း ပြောမိလိုက်သတဲ့။

"ကျွတ် . . ကျွတ် . . ကျွတ်၊ ဖြစ်မှဖြစ်ရလေကွယ်၊ ကဲ



www.burmeseclassic.com

www.burmeseclassic.com



မင်းဘာမှ အားမငယ်နဲ့၊ ဦးလေးနဲ့ လိုက်ခဲ့၊ မင်းရဲ့ဘဝရှေ့ရေး အတွက် အားလုံးတာဝန်ယူတယ်"

မောင်ကံဆိုးလေးကို သိစ်ပြီး သနားသွားခဲ့တာပေါ့ အဲ့ဒီလူကြီးဟာ ဘယ်သူမှန်းမသိပေမယ့် သူ့အတွက် တခါတော့ အကူအညီပြုန်ပေးနိုင် ကောင်းရဲ့ဆိုပြီး မငြင်းပဲ လိုက်သွားခဲ့သတဲ့။

အဲ့သလိုနဲ့ နှစ်တွေ အတော်ကြာသွားခဲ့တယ်။

မောင်ကံဆိုးရဲ့ သတင်းဟာလည်း အဲ့သည့်ကတည်းက အစအန ပျောက်သွားခဲ့တယ်။

သူနေခဲ့တဲ့ ရွာကလေးရဲ့ပတ်ဝန်းကျင်ဟာ သိစ်ပြီး မအေးချမ်းဘူး၊ ဘုရင်မင်းမြတ်ရဲ့ ထီးနန်းကိုလုယူချင်နေတဲ့ သူတွေဟာ အဲ့ဒီရွာလေးကို သိမ်းပိုက်ပြီး ခြေကုပ်ယူထားကြတယ်။

ကံဆိုးတဲ့ ရွာသူရွာသားတွေဟာ သူပုန်သူကန်တွေရဲ့ နှိပ်စက်ညှင်းပန်းခြင်းကို ခံနေကြရတယ်။

သူ မကျေနပ်ရင်၊ မကျေနပ်သလို တစ်ချို့အိမ်တွေကို မီးရှို့ပစ်ကြတယ်။

ပစ္စည်း၊ ဥစ္စာတွေကို သိမ်းပိုက်ယူငင်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကယ်မယ့်သူဝေးတဲ့ ရွာကလေးဟာ သူပုန်သူကန်တွေရဲ့ နှိပ်စက် ပင်ပန်းမှုကို ခံနေကြရတာပေါ့။

တစ်ညမှာ. . .

တစ်ရွာလုံး ပွက်ပွက်ညံသွားအောင် ဖြစ်သွားခဲ့ရတဲ့ အခြေအနေမျိုး အမှတ်မထင် ကြုံလာခဲ့ရတယ်။

ရွာထဲကို ဘုရင့်ရဲမက်တွေ ရုတ်တရက် ဝင်ရောက်လာခဲ့ကြပြီး ပုန်ကန်ခြားနားကြသူတွေကို ရှာဖွေတိုက်ခိုက်ကြတယ်။

စစ်ကဲကြီးတစ်ဦးဟာ ရှေ့ဆုံးကနေ ဦးစီးကွပ်ကဲပြီးတော့ သူကိုယ်တိုင်လည်း ရှုပ်ရှုပ်ချွန်ချွန် တိုက်ခိုက်တယ်။

သူပုန်တွေအားလုံး မိတဲ့သူကမိ၊ ကျဆုံးတဲ့သူတွေက ကျဆုံးနဲ့ နောက်ဆုံးမှာတော့. . .

သူပုန်ခေါင်းဆောင်ကိုပါ လက်ရ ဖမ်းဆီးမိလိုက်တယ်။

စစ်ပွဲကို ဦးဆောင်ပြီး သတ္တိပြောင်မြောက်စွာနဲ့ တိုက်ခိုက်တဲ့ စစ်ကဲကြီးဟာ စစ်မြင်းကြီးပေါ်ကနေ အမိန့်ပေး နေခဲ့တယ်။

ညဘက်ဖြစ်လို့ ဘယ်သူမှန်း မသိကြပေမယ့်၊ ရွာသူ



www.burmeseclassic.com

www.burmeseclassic.com



ရွာသားတွေက သိပ်ပြီး ကျေးဇူးတင်နေကြတယ်။

စစ်ကဲကြီးက ရွာလယ်လမ်းမကြီးအတိုင်း မြင်းကိုစီးသွားပြီး အိမ်တစ်အိမ်ရှေ့မှာ ရပ်လိုက်တယ်။

"အဲသည့် အိမ်ကလူကြီးတစ်ယောက်ဟာ မျာမျာသလဲနဲ့ ထွက်ကြိုပြီး. . .

"ကျေးဇူးတင်လိုက်တာ စစ်ကဲကြီးရယ်၊ ဒီသူပုန်ကြောင့် ကျွန်တော်တို့ရွာ ကံဆိုးမိုးမှောင်ကျနေတာ ကြာပါပြီ၊ အခုတော့ စစ်ကဲကြီးတို့ ရှုပ်ရှုပ်ချွန်ချွန် တိုက်ထုတ်လိုက်လို့ သူတို့တစ်တွေလည်း အညံ့ခံသွားကြရပြီ၊ သည်ကနေ့တစမြီး အဘတို့အားလုံး ကံကောင်းခဲ့ကြရပါပြီ"

အဲ့ဒီလို ပြောလိုက်တော့ စစ်ကဲကြီးက ဘာပြောသလဲ.ဆိုရင်. . .

"ဒီရွာဟာ ဟိုတုန်းက လူတစ်ယောက်ကြောင့် မီးဘေးသင့်ခဲ့ရတယ်၊ အိမ်တစ်အိမ်လည်း ဓားမြတိုက်ခံခဲ့ရတယ်၊ အဲ့ဒီအိမ်ဟာ လူတစ်ယောက်ကြောင့် ပင်လယ်ပြင်မှာ သင်္ဘောနစ်မြုပ်ပြီး ကုန်ပစ္စည်းတွေ ဆုံးရှုံးခဲ့ရတယ်၊ ဟုတ်တယ်မဟုတ်လား အဘ"

စစ်ကဲကြီးက ပြောလိုက်တော့ အဲသည့်လူကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကိုအံ့အားသင့်သွား ခဲ့ပါတယ်။ သူ့အဖြစ်နဲ့ သူတွေ့ကြုံ ခဲ့ရတဲ့အခြေအနေနဲ့ တစ်ထပ်တည်း ဖြစ်နေတာကိုး။

"စစ်ကဲကြီး ဒါတွေကို ဘယ်လိုလုပ် သိသလဲ၊ အဲ့ဒီ ကလေးဟာ ကျူပ်ရဲ့သားပါ၊ သူဟာ မမွေးခင်ကတည်းက ရော၊ မွေးပြီးမှရော၊ ဘယ်သူ့ကိုမှ ကောင်းကျိုးမပေးခဲ့ပါဘူး၊ သူ့ကြောင့်လူတွေက တံဆိုးခဲ့ကြရတာပါ"

"တကယ်ပြောတာလား အဘ၊ အဲ့ဒီကလေးဟာ အခု အသက်ထင်ရှား ရှိနေသေးရင်လည်း ဒုက္ခဆက်ပေးနေဦးမှာ ပဲလား၊ အဲသလို ထင်သလား"

"ဟာ. . သူဟာ မကောင်းတဲ့ ကံကြမ္မာကိုယူလာတဲ့ ကောင်ပါ၊ အခုနေလည်း ရှိတော့မှာ မဟုတ်ပါဘူး၊ သူထွက် သွားခဲ့တာ ကြာပြီပဲ"

"မထင်ပါနဲ့လေ၊ သူ့ အခုအသက်ရှိနေပါသေးတယ်၊ မောင်ကံဆိုးလို့ ခေါ်ခဲ့တဲ့ အဲ့ဒီလူက ကျွန်တော်ပဲလေ၊ အဖေ ကျွန်တော့်ကို မမှတ်မိဘူးလား"

သူကြွယ်လည်း စစ်ကဲကြီး စကားကြောင့် သိပ်ကို အံ့အားသင့်သွား ခဲ့ရတယ်။

"မင်း. . .၊ မင်း မောင်ကံဆိုး ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ အဖေ့သား မောင်ကံဆိုးဟာ ကျွန်တော်ပဲပေါ့။ ကျွန်တော်ဟာ သည်တစ်ခါတော့ အဖေနဲ့ရွာရဲ့ ကံကြမ္မာကို ကောင်းအောင် အသက်နဲ့လဲပြီး ကာကွယ်ပေးခဲ့ပြီးပါပြီ၊ အဖေ ကျေနပ်ပါတော့၊ ကျွန်တော့်ကြောင့် အဖေတို့ ဂုဏ်ပျက်ခဲ့တာ တောင်းပန်ပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး အဖေ"

စစ်ကဲကြီးဟာ မြင်းကို ချာကနဲ လှည့်ပြီး ထွက်သွားခဲ့တယ်။

"သား. . သား၊ နေဦးလေ၊ အဖေ အထူသည်းပြီး အမြစ်မရှိတဲ့ သားအပေါ်မှာ ရက်စက်မိတာကို တောင်းပန်ချင်သေးလို့ပါ၊ ခဏလေး ရပ်စောင့်ပါဦး သားရယ်"

ဖခင်ဟာ နောင်တကြီးစွာ ရပြီး အက်ကွဲနေတဲ့အသံနဲ့ အပြေးလိုက်တားဆီးသော်လည်း. . .

စစ်ကဲကြီးဟာ မကြားတော့ပါဘူး၊ သူ့မြင်းကို အမှောင်ထဲမှာ ဒုန်းစိုင်းပြီး နှင်သွားခဲ့တယ်။

သူတို့ အပြစ်မြင်ခဲ့တဲ့ သားဟာ အာဇာနည်သူ့ရဲ့ကောင်းတစ်ယောက် ဖြစ်နေတာကို သိရတော့ ငါ့မှားခဲ့လေခြင်းဆိုပြီး နောင်တရမဆုံး ဖြစ်နေပါတော့တယ်။ ။



www.burmeseclassic.com

www.burmeseclassic.com




# သူတော်ကောင်းတို့
# မပြစ်မှားရာ

www.burmeseclassic.com

www.burmeseclassic.com

## သူတော်ကောင်းကို မပြစ်မှားရာ

ဟိုးရှေးရှေးတုန်းက သာဝတ္ထိပြည်မှာ သူကြွယ်မတစ်ဦး ရှိတယ်။

အဲ့ဒီ သူကြွယ်မဟာ ကိုယ်ဝန်ဆောင်နေစဉ်အတွင်း မွေးဖွားကာနီးရောက်မှ ရောဂါတစ်ခုကြောင့် ကွယ်လွန်သွားခဲ့တယ်။

အလောင်းကို မီးရှို့ပြီးသဂြိုလ်တဲ့အခါ ဝမ်းဗိုက်ထဲမှာ ရှိတဲ့ ကလေးဟာ ရုတ်တရက် ပေါ်ထွက်လာခဲ့တယ်။

အဲ့ဒီကလေးဟာ မီးဘေးမသင့်ပဲ ကျန်းမာချမ်းသာစွာ

www.burmeseclassic.com



နဲ့ ပေါ်ထွက်လာခဲ့တဲ့အတွက် ထူးခြားတဲ့ ပါရမီရှိတယ်လို့ ယူဆကြတယ်။

ဆွေမျိုးတွေက သည်ကလေးကို မွေးစားကြသတဲ့။

အသက်ခုနှစ်နှစ် ပြည့်တဲ့အခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်ထံမှာ အပ်နှံပြီး သာမဏေပြုစေတယ်။

နောက် မကြာမီမှာ ရဟန်းအဖြစ်ကို ရောက်ရှိသွားပြီး သံကိစ္စသာမဏေလို့ ထင်ရှားလာခဲ့တယ်။

သံကိစ္စသာမဏေဟာ ရဟန်းသုံးကျိပ်(သုံးဆယ်) နဲ့ တောကျောင်းမှာ သီတင်းသုံးနေတော်မူတယ်။

တစ်နေ့မှာ တောထဲက ခိုးသားဓါးပြတွေဟာ တောကျောင်းကို ဝင်ရောက်စီးပြီး သံကိစ္စသာမဏေကို ခေါ်ဆောင်သွားခဲ့ကြတယ်။

သာမဏေကို သတ်ပြီး ဗိလိနတ်စာ ကျွေးဖို့အတွက် ဖြစ်တယ်။

တောထဲမှာ သာမဏေကို ဓားနဲ့ခုတ်တယ်။

ဓားနဲ့ခုတ်တော့ မသေဘူး၊ လှံနဲ့ ထိုးတယ်။

ဘယ်လိုမှ မထိရောက်ဘူး၊ ဓား၊ လှံတွေဟာ ခွေသွား၊ ကျိုးသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



သာမဏေဟာ ဈာန်ဝင်စားနေတဲ့အတွက် ဘယ်လို ဘေးအန္တရာယ်မျိုးမှ မကပ်ငြိခဲ့တာပဲ ဖြစ်တယ်။

အဲ့သည်လို ထူးဆန်းအံ့ဩဖွယ်ရာ အဖြစ်မျိုးနဲ့ ကြုံတွေ့လိုက်ရတော့ ခိုးသားဓားပြတွေဟာ သိပ်ပြီးကြောက်ရွံ့သွားခဲ့ကြတယ်။ အကြီးအကျယ်ကို တုန်လှုပ်သွားခဲ့ကြတာပေါ့။

သံကိစ္စသာမဏေကို ဝန်ချပြီး တောင်းပန်ကြရတယ်။

"တပည့်တော်တို့ မှားပါပြီ အရှင်ဘုရား၊ ဝန်ချပြီး တောင်းပန်ပါတယ်၊ သည်းခံခွင့်လွှတ်တော်မူပါ။

မိုက်မဲလှတဲ့ တပည့်တော်တို့မှာ အင်မတန် အပြစ်ကြီးလှပါတယ်၊ အကျွတ်တရားလည်း ရပါပြီဘုရား

သူတစ်ပါးကို အမြဲတစေ ဒုက္ခပေးနေရတဲ့ ဘဝမှာလည်း မနေလိုတော့ပါဘူး၊ တပည့်တော်တို့အားလုံးကို သာသနာ့ဘောင်ထဲကို သွတ်သွင်းပေးတော် မူပါ၊ ရဟန်းပြုပေးတော်မူပါ အရှင်ဘုရား"

"ကောင်းပြီ တကာတို့၊ သင်တို့ရဲ့အပြစ်ကို ငါသည်းခံခွင့်လွှတ်တယ်၊ အမြင်မှန်ရတယ်ဆိုရင် ငါနဲ့တစ်ခါတည်း လိုက်ခဲ့ကြပေတော့"

www.burmeseclassic.com

www.burmeseclassic.com



သံကိစ္စသာမကောဟာ ခိုးသားဓားမြတွေကို အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဆီကို ခေါ်သွားလေသတဲ့။

သူတို့အားလုံးကို ရဟန်းပြုပေးလိုက်သတဲ့။

အကျင့်သီလနဲ့ ပြည့်စုံတဲ့ သူတော်ကောင်းကို ဘယ်တော့မှ မပစ်မှားကြရဘူး၊ အင်မတန်မှ အပြစ်ကြီးတယ်။

သူတော်စင် သူတော်ကောင်းတွေကို ရိုသေကြရမယ်၊ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို ကြည်ညိုဖွယ် နှလုံးသားနဲ့ နေ့စဉ်မပြတ် ရှိခိုးကန်တော့ကြမှ ကောင်းကျိုးချမ်းသာရ နိုင်မယ်။ ။

www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးဘဝတွင်
မိဘကျေးဇူးဆပ်ဖြဆပ်သူ

www.burmeseclassic.com

www.burmeseclassic.com

## နတ်သမီးဘဝတွင် မိဘကျေးဇူး ဆပ်ခြင်းဆယ်သူ

ဟိုးရှေးရှေးတုန်းက ရွာလေးတစ်ရွာမှာ မယ်လိမ္မာဆိုတဲ့ မိန်းကလေးတစ်ယောက် ရှိသတဲ့။

မယ်လိမ္မာဟာ မိဘနှစ်ပါးကို အင်မတန်မှ ရိုသေတယ်၊ ရတနာသုံးပါးကိုလည်း ရိုသေကိုင်းရှိုင်းတယ်။

သူကြွယ်တစ်ဦးရဲ့ ယာခင်းထဲမှာ အလုပ်လုပ်ပြီး မိဘနှစ်ပါးကို ကျွေးမွေးနေတဲ့ သမီးလိမ္မာလေးတစ်ယောက် ဖြစ်တယ်။

ပ်တ်ဝန်းကျင်ကလည်း ရိုးသားပြီး ကြိုးစားတဲ့မယ်

www.burmeseclassic.com

www.burmeseclassic.com



လိမ္မာလေးကို ချစ်ခင်ကြတယ်၊ ရုပ်ရည်ကလည်း ချောမော လှပလို့ လက်ထပ်ချင်သူတွေကလည်း ရှိသတဲ့။

ဒါပေမယ့် မယ်လိမ္မာလေးဟာ အိမ်ထောင်ရေးကို မစဉ်းစားဘူး၊ မိဘတွေ ကွယ်လွန်သွားကြသည့်အထိ လုပ်ကျွေးသွားမယ်လို့ ဆုံးဖြတ်ထားတယ်။

မယ်လိမ္မာရဲ့ ဖခင်ဟာ အလုပ်မလုပ်ဘူး၊ သေရည် သေရက် သောက်စားပြီး အမြဲတမ်း မူးရူးနေတယ်၊ ထန်းရေတာ ထဲမှာပဲ အပေါင်းအသင်းတွေနဲ့ အချိန်ကုန်နေတယ်။

အိမ်ကိုပြန်လာရင်လည်း မူးမူးနဲ့မို့ မိန်းမကိုအပြစ်မရှိ အပြစ်ရှာတယ်၊ ရိုက်နှက်တယ်။

မယ်လိမ္မာလေးက ဝင်ပြီးဆွဲရင် သမီးကိုပါ ရိုက်တယ်။

"သမီးကို ရိုက်ပါအဖေ၊ အမေ့ကို မရိုက်ပါနဲ့၊ အမေ သနားပါတယ်၊ အမေ နေ့တိုင်းအပြစ်ရှာပြီး ရိုက်လွန်းလို့ အမေလည်း နလံမထူနိုင်တော့ပါဘူး အဖေရယ်"

သမီးက ငိုယိုပြီး ဖအေကို ဆွဲတယ်၊ ဖအေက ဆွဲရ မလားဆိုပြီး မယ်လိမ္မာလေးကို မဲပြီးရိုက်တယ်။

"ဒါလောက် လိမ္မာတဲ့သမီး၊ မိဘမှန်းသိတတ်တဲ့ သမီး ကို ရှင်ရိုက်ရက်သလား၊ သူလုပ်ကျွေးနေလို့ ကျွန်မတို့ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ဝနေတာ၊ သူ့အရွယ်တွေ အိမ်ထောင်ပြုကုန်ကြလို့ တစ်ချို့ဆို ကလေးနှစ်ယောက်လောက် ရနေကြပြီ၊ သမီးဟာ ကျွန်မတို့ကြောင့် ချစ်သူလည်း မထားဘူး၊ အိမ်ထောင်ပြုဖို့လည်း မစဉ်းစားဘူး၊ ရှင် မကျေနပ်ရင် ကျွန်မကိုသာ အသေသတ်ပစ်လိုက်ပါ"

မအေကြီးကလည်း ငိုယိုပြီး တားမြစ်တယ်။

"အေး..၊ နင်တို့ သားအမိနှစ်ယောက်စလုံးကို သတ်ပစ်မယ်၊ ကောင်းကောင်း သတိထားပြီးသာ နေကြ"

ယောက်ျားဖြစ်သူဟာ ဒါဝါတို့ကို အလုပ်လုပ်ကျွေးနေတဲ့ သမီးလေးပါလားဆိုပြီး သနားညှာတာစိတ်နည်းနည်းလေးမှ မရှိဘူး မူးလာပြီဆိုရင် နှိပ်စက်တယ်၊ ရိုက်တယ်။

"ငါ့ကို ပေးတဲ့ထန်းရည်ဖိုးက နည်းလာချည်လား၊ နင် ဘယ်မှာ ဖွက်ထားသလည်း၊ မှန်မှန်ပြောစမ်း၊ မပြောရင် နာပြီမှတ်"

"ဝှက်မထားပါဘူး အဖေရယ်၊ သမီးမှာ ဒါပဲရှိလို့ ပေးရတာပါ"

မယ်လိမ္မာလေးက တောင်းတောင်းပန်ပန်နဲ့ ပြောပေမယ့် ပိုက်ဆံတွေ ဝှက်ထားတယ်ဆိုပြီး၊ မပေးရကောင်းလား

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ရိုက်တာပါပဲ။

ပတ်ဝန်းကျင်က လူတွေက ဇနီးနဲ့မယ်လိမ္မာလေးကို သနားပေမယ့် ဘာမှ မတတ်နိုင်ကြဘူး၊ ဝင်ပြီးလည်း မဖျောင်းဖျရဲဘူး၊ စိတ်မကောင်းစွာနဲ့ သည်အတိုင်းပဲ ကြည့်နေကြရတယ်။

တစ်နေ့မှာ. . .

မယ်လိမ္မာလေးဟာ ဘုရားစင်ရှေ့မှာ ပန်း၊ သောက်တော်ရေ၊ ဆီမီးတို့ကိုကပ်ပြီး ဘုရားဆိုင်ရှိခိုး နေတယ်။

အဲသည့်အချိန်မှာ သူ့ရဲ့ဖခင်ဟာ အရက်တွေမူးပြီး အပြင်ကပြန်လာခဲ့တယ်။ ထုံးစံအတိုင်း သူ့မိန်းမကို အပြစ်မရှိ အပြစ်ရှာတယ်၊ ရိုက်နှက်တယ်။

မယ်လိမ္မာလေးဟာ ဘုရားရှိခိုးနေရင်း ကြားနေရပေမယ့် ဘုရားရှိခိုးလို့ မပြီးသေးလို့ ဘာမှ မတတ်နိုင်ဘူး၊ ဘုရားကိုသာ နှလုံးသွင်းပြီး ကြည်ညိုနေမိတယ်။

သူမ့ဖခင်ရဲ့ အမြူးမူးဟာ ပိုပြီး ကြမ်းတမ်းလာတယ်၊ ဒေါသကို မထိန်းနိုင်တော့ဘူး ထင်ပါရဲ့၊ ဇနီးကို အနားမှာရှိတဲ့ ကျောက်ပြင်နဲ့ကောက်ပြီး ပေါက်လိုက်တာ ခေါ်လွဲသွားပြီး မယ်လိမ္မာလေးကို သွားမှန်တယ်၊ ခေါင်းကို ပြင်းထန်စွာ



www.burmeseclassic.com

www.burmeseclassic.com



ထိုသွားပြီး နေရာမှာတင်ပဲ ပွဲချင်းပြီး သေဆုံးသွားပါလေရော။

ဗုဒ္ဓဘုရားကို ကြည်ညိုစိတ်နဲ့ နှလုံးသွင်းနေဆဲမှာ ရုတ်တရက် သေဆုံးသွားခဲ့ရတဲ့အတွက် ကောင်းရာသုဂတိကို လားခဲ့ရတယ်။

နတ်ပြည်မှာ ဗိမ္မာန်ကြီးနဲ့တကွ နတ်သမီး သွားဖြစ်ခဲ့ရတယ်။

သမီးအလိမ္မာလေး သေဆုံးသွားခဲ့ရတဲ့အတွက် ကျန်ရစ်သူ မိခင်ကြီးဟာ ယူကြုံးမရဖြစ်ပြီး ခံစားနေရရှာတယ်။

ယောကျ်ားဖြစ်သူကလည်း အမူးပြေတဲ့အခါ သူ့အမှားကို ချက်ခြင်းသိသွား ခဲ့ရတယ်။ နှစ်ယောက်စလုံး ဒီသမီးလေးကိုပဲ လွမ်းဆွတ်ကြေကွဲစွာနဲ့ တမ်းတနေရရှာတယ်။

တစ်နေ့မှာ ဖခင်ကြီးဟာ မမာမကျန်းဖြစ်နေရှာ တယ်၊ နှောင်တတတရားတွေရပြီး အရက်သေစာကိုလည်း လုံးဝမသောက်တော့တဲ့အတွက် အရက်နာကျနေတာပေါ့။

အလုပ်လုပ်မယ့်သူမရှိတော့လို ဆေးကုဖို့ငွေလည်း မရှိဘူး။

"သမီးလေးရယ်၊ အဖေ့အမှားတွေပါ၊ အဖေ့ကို ခွင့်လွှတ်ပါ၊ အဖေလူမဆန်ခဲ့လို့ ဘဝဒဏ်ကို အခု ခါးစည်းပြီး ခံနေ



www.burmeseclassic.com

www.burmeseclassic.com



ရပါပြီ၊ စားဖို့လည်း ငွေမရှိ ဆေးဖိုးဝါးခလည်း မရှိနဲ့ အခုမှ ဒုက္ခလှလှကြီး တွေ့နေရပါပြီ သမီးရယ်"

ဖခင်ဟာ အဲ့ဒီလိုပြောပြီး ငိုကြွေးသတဲ့၊ မိခင်ဖခင်တို့ရဲ့ ငိုကြွေးသံကို နတ်ပြည်မှာ နတ်သမီးဖြစ်နေတဲ့ သမီးဟာ ကြားသွားခဲ့ရတယ်။

"အလို့ . . . ငါ့မိ၊ ငါ့ဖတွေ၊ ဒုက္ခအတိ ရောက်နေကြပါလား၊ မဖြစ်ဘူး၊ မွေးကျေးဇူး ကျွေးကျေးဇူး ဆပ်လို့မကုန်ခင်မှာ ငါသေခဲ့ရတဲ့အတွက် ငါတာဝန်တွေ အများကြီးကျန်ခဲ့သေးတယ်၊ ဘဝဟောင်းက ငါ့မိဘတွေ မျက်ရည်ပေါက်ကြီးငယ်ကျတာ ငါမကြည့်ရက်ဘူး၊ ထောက်ပံ့ကူညီမှ ဖြစ်တော့မယ်"

နတ်သမီးဟာ မိခင်ကို အိမ်မက်ပေးတယ်။

"အို့ . မိခင်၊ ခြံနောက်ဘက်က ရေတမာပင်ကြီးအောက်မှာ ဘိုးဘွားဘီဘင်လက်ထပ်ကတည်းကမြှုပ်နှံထားတဲ့ ရွှေအိုးသုံးလုံး ရှိပါတယ်၊ ဖော်ပြီးယူပါ"

အိမ်မက်ထဲမှာ ကိုယ်ရောင်ကိုယ်ဝါ လင်းလက်တောက်ပစွာနဲ့ မြင်တွေ့နေရတဲ့နတ်သမီးလေးဟာ သူ့ရဲ့သမီးလေးပဲ ဆိုတာသိသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ယာကလည်း လန့်ပြီး နိုးသွားတယ်။

"ဪ၊ ငါတို့ရဲ့သမီးလေးဟာ နတ်ဝတ်တန်ဆာတွေ ဝတ်ပြီး၊ ကိုယ်ရောင်ကိုယ်ဝါလည်း တစ်လက်လက်နဲ့၊ ဧကန္တ နတ်ပြည်ကို ရောက်နေပြီ ထင်ရဲ့"

အဲ့ဒီလို တွေးပြီး ဝမ်းသာနေမိတယ်။

သူ့ယောကျ်ားလူမမာကို အိမ်မက်အကြောင်း ပြော ပြတယ်။

အိမ်မက်ထဲကအတိုင်း တုတ်မဟုတ် သိချင်တာနဲ့ သံ တူရွင်းကိုယူပြီး ခြံနောက်ဘက်ကို ထွက်လာခဲ့ကြတယ်။

လူမမာယောကျ်ားကလည်း အပင်ခြေမှာ အားစိုက် ပြီး တူးဆွတယ်၊ ဇနီးကလည်း တူးဆွတယ်။

သိပ်မကြာပါဘူး၊ မြေကြီးထဲမှာ မြှုပ်ထားတဲ့ရွှေအိုး သုံးလုံးကို တွေ့ရှိသွားခဲ့ကြသတဲ့၊ နှစ်ယောက်စလုံး ဝမ်းသာ လို့မဆုံးတော့ဘူးပေါ့။

သူတို့ရဲ့သမီးလေးဟာ 'နတ်သမီးဘဝရောက်တာ တောင် မိဘအပေါ် ဆပ်မကုန်နိုင်တဲ့ ကျေးဇူးကို နတ်ပြည် ကနေ လှမ်းပြီးဆပ်ရှာတယ်၊ ဝမ်းသာဝမ်းနည်း ဖြစ်ကြရတယ်။

သူတို့ဇနီးမောင်နှံဟာ ကျောင်း၊ ကန်တွေဆောက်၊



www.burmeseclassic.com

www.burmeseclassic.com



ဘုရားတည်စေတဲ့ ကောင်းမှုကုသိုလ်တွေ လုပ်ကြတာ ်း။

အထူးသဖြင့် အကျွတ်တရားရသွားတဲ့ ယောကျ်ား ဖြစ်သူဟာ ရဟန်းဘဝနဲ့ တစ်သက်လုံး တရားအားထုတ် သွားသတဲ့ကွယ်။ ။



www.burmeseclassic.com

www.burmeseclassic.com

# မှော်ကြေးမုံ



www.burmeseclassic.com

www.burmeseclassic.com

# မှော်ကြေးမုံ

ဟိုးရှေးရှေးတုန်းက အင်မတန်နက်တဲ့ တောကြီးတစ်တော ရှိတယ်။ အဲ့ဒီတောကြီးထဲမှာ စိမ်းလဲ့ကြည်လင်နေတဲ့ ရေကန်ကြီး တစ်ကန်ရှိသတဲ့။

အဲ့ဒီရေကန်ကြီးထဲက ရေတွေဟာ ဘယ်တော့မှ မခန်းခြောက်ဘူး၊ ကြာမျိုးငါးပါးနဲ့ ပြည့်စုံပြီး ကြာပန်းရနံ့တို့နဲ့ အမြဲတန်း မွှေးကြိုင်နေတာပဲတဲ့။

ဒါလောက် ထူးခြားတဲ့ ရေကန်ဟာ သာမန်ရေကန် မဟုတ်ဘူး၊ နတ်တွေ ဖန်ဆင်းထားတဲ့ ကန်ပဲဖြစ်တယ်။

ကြီးကြာငှက်မလေး တစ်ကောင်ဟာ [illegible]တာအုပ်နဲ့ အ

www.burmeseclassic.com

www.burmeseclassic.com



တော်လေး လှမ်းတဲ့ ရေကန်တစ်ကန်မှာ နေတယ်။ အပေါင်း အဖော်တွေထဲမှာ အဲ့ဒီကြိုးကြာငှက်လေးက အချောဆုံးပဲ တဲ့။

"ငါတော့ ဒီရေကန်ထဲမှာပဲ ကျက်စားပြီး နေရတာ ငြီးငွေ့လှပြီ၊ သူများတွေ ပြောပြောနေကြတဲ့ ဟိုးတောအုပ် ထဲက ထူးဆန်းတဲ့ ရေကန်ကြီးဆီကို သွားချင်လိုက်တာ"

အပေါင်းအဖော်တွေကို ပြောပြတဲ့အခါမှာ. . .

"မသွားပါနဲ့ မယ်ကြိုးကြာရယ်၊ ကိုယ်နဲ့မကျွမ်းတဲ့ အ ရပ်ဒေသကို နင်က ဘာဖြစ်လို့ စိတ်ဝင်စားနေရတာလဲ၊ ကိုယ့် နေရာ၊ ကိုယ့်ဒေသမှာ အကောင်းဆုံးပါပဲ၊ ငါတို့ကြိုးကြာတွေ လည်း အဲ့ဒီကန်ကို တစ်ကောင်မှ သွားရဲကြတာ မဟုတ်ဘူး"

"ဟင့်အင်း. . . ငါကတော့ သွားပြီး လေ့လာချင် တယ်၊ နင်တို့မလိုက်ရင်နေကြ၊ ငါ့ဖာသာငါ တစ်ယောက် တည်း သွားမယ်"

ကြိုးကြာမလေးဟာ အပေါင်းအသင်း မိတ်ဆွေတွေ တားဆီးကြတဲ့အထဲက လက်မခံပဲ တောအုပ်ဆီကို ပျံသန်း သွားခဲ့တယ်။

တောအုပ်ကြီးရဲ့အလယ်က ရေကန်ကြီးကို တွေ့တဲ့ အခါ သိပ်ပြီး သာယာလှန်းလို့ စိတ်မထိန်းနိုင်တော့ပဲ ရေဆင်း ချိုးမိလိုက်သတဲ့၊ ရေချိုးမိလိုက်တာနဲ့ ချက်ချင်းပဲ ကြိုးကြာမ



www.burmeseclassic.com

www.burmeseclassic.com



လေးအသွင်က ပြောင်းသွားပြီး အင်မတန်လှပတဲ့ လူသားမိန်းကလေးရဲ့အသွင်ကို ရောက်ရှိသွားခဲ့သတဲ့။

"ဟယ်၊ ငါ လူသားမိန်းကလေး ဖြစ်သွားပြီ"

မမျှော်လင့်ပဲ ဘဝပြောင်းသွားခဲ့တဲ့အတွက် သိပ်ပြီးဝမ်းသာသွားခဲ့ရတယ်။

အဲ့ဒီအချိန်မှာပဲ တောထဲက နတ်မိစ္ဆာတွေဟာ မယ်ကြိုးကြာလေးကို မြင်တွေ့သွားကြပြီး ဇနီးမယားအဖြစ်ယူဖို့ ဖမ်းဆီးကြတယ်။

မယ်ကြိုးကြာလေးလည်း ထူးဆန်းတဲ့တောနက်ကြီးထဲက ကြောက်အားလန့်အားနဲ့ ထွက်ပြေးရတော့တာပေါ့။

ပြေးရင်းလွှားရင်းနဲ့ လူတစ်ယောက်ကို ဝင်ပြီး တိုးမိတယ်။

"မင်း၊ ဘယ်လို အရေးကိစ္စနဲ့ကြုံတွေ့ပြီး မောပန်းတကြီး မနေမနား ပြေးလာခဲ့ရတာလည်း မိန်းမလှလေးရယ်"

"ဟို၊ ဟိုမှာ. . . ကျွန်မရဲ့နောက်က လိုက်လာကြပြီ"

အဲ့ဒီလူဟာ တခြားသူမဟုတ်ဘူး၊ တက္ကသိုလ်ပြည်က ထူးဆန်းတဲ့ အတတ်ပညာတွေကို သင်လာခဲ့တဲ့ အဒိဿယကုမ္မာမင်းသားလေးပဲ ဖြစ်တယ်။

မယ်ကြိုးကြာရဲ့နောက်က နတ်မိစ္ဆာတွေ လိုက်လာ

www.burmeseclassic.com



တာကို တွေ့လိုက်ရတော့ မြားတွေနဲ့ပစ်လွှတ်လိုက်တာ သူတို့အားလုံး ကျဆုံးကုန်ကြသတဲ့။

"ကဲ . . ဘာမှ မပူနဲ့တော့ သူတို့အားလုံး သေကုန်ကြပြီ၊ မင်းက ဘယ်လိုကြောင့် သည်နေရာကို ရောက်နေတာလဲ"

"အို၊ လေပြင်းမုန်တိုင်းမိပြီး လွင့်ပါလာခဲ့ရတာပေါ့"

မင်းသားလေးလည်း မယ်ကြိုးကြာပြောတာကို ယုံကြည်သွားခဲ့တယ်၊ မယ်ကြိုးကြာလေးကို မြင်မြင်ချင်း ချစ်မြတ်နိုးတော်မူတာနဲ့ နန်းတော်ကိုခေါ်ဆောင် သွားခဲ့သတဲ့။

ရွှေနန်းတော်ကို ရောက်တဲ့အခါမှာ မယ်ကြိုးကြာလေးကို လက်ထပ်ထိမ်းမြားလိုက်တယ်။

BURMESE CLASSIC

အင်မတန် လိမ္မာရေးခြား ရှိပြီးချောမောလှပတဲ့ မယ်ကြိုးကြာလေးကို အားလုံးက ချစ်ခင်ကြသတဲ့။

ဒါပေမယ့် မယ်ကြိုးကြာလေးကို မုန်းတီးနေတဲ့ သူတစ်ယောက်တော့ ရှိတယ်။ သူက ဘယ်သူလည်းဆိုတော့ နန်းတွင်း ပုရောဟိတ်ကြီးရဲ့ သမီးပဲ။

သူ့နာမည်က ဥတ္တရာလို့ ခေါ်တယ်။ ဥတ္တရာဟာ သူ့ရဲ့ဖခင်လိုပဲ ရှေ့ဖြစ်နောက်ဖြစ်ကို ကြည့်တတ်တယ်၊ ကြိုးကြာမယ်လေးကို မြင်ကတည်းက သူ့ဘယ်က လာတယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာ သိပြီးခဲ့ပြီ။

"နင်ဟာ တိရစ္ဆာန်တစ်ကောင်ပဲ၊ လူယောင်ဆောင်နေတာ၊ အိမ်ရှေ့မင်းသားလေးရဲ့ အချစ်ကို နင်ညာယူခဲ့တယ်"

"အို . . မဟုတ်ဘူး၊ ရှင် ကျွန်မကို မိုက်မိုက်ရိုင်းရိုင်း မငွပ်စွဲနဲ့၊ ဒါဟာ သက်သက်မဲ့ စော်ကားတာပဲ"

"အေး တစ်နေ့ကျရင် နင့်ဝါ့အကြောင်းကို သိရမှာပေါ့၊ နင့်ရဲ့ဇာတိရုပ်ကို ငါရအောင် ဖော်မယ်"

တစ်ကယ်တော့ ဥတ္တရာဟာ မင်းသားလေးကို တစ်ဖက်သတ် ကြိုက်နှစ်သက်သူ ဖြစ်တယ်။

မယ်ကြီးကြာအနေနဲ့ ဥတ္တရာကို ကြောက်ရွံ့မိတာတော့ အမှန်ပါပဲ၊ သူ့ဘာဝအမှန်ကို ဘယ်လိုဖော်ထုတ်မလဲ၊ သူသိပ်ချစ်တဲ့ မောင်တော်ရဲ့ရှေ့မှာ ဘယ်လိုအရှက်ခွဲမလည်း ဆိုတာ အမြဲပူပန်နေရတယ်။

တစ်နေ့တော့ မယ်ကြီးကြာထင်တဲ့အတိုင်း၊ စိုးရိမ်မိတဲ့အတိုင်းပဲ ဖြစ်လာခဲ့တယ်။

ဥတ္တရာဟာ မှော်ကြေးမုံတစ်ချပ်ယူလာပြီး မယ်ကြီးကြာမရှိခိုက်မှာ မင်းသားလေးကို မေးတယ်။

"အသင်မင်းသား၊ အသင်မင်းသားရဲ့ ကြင်ယာတော်ဟာ လူစင်စစ်လို့ ထင်မိပါသလား၊ သူ ဘယ်သူလည်းဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိချင်ရင် ဟောသည်မှော်ကြေးမုံရှေ့မှာ သူ့ကိုရပ်ခိုင်းလိုက်ပါ။ မှန်ထဲက သူ့ရဲ့အရိပ်ကို အသင်မင်းသားကြည့်ရင် အဖြေမှန် ပေါ်လာပါလိမ့်မယ်"

"ဥတ္တရာ၊ သင် ဘာတွေပြောနေတာလဲ၊ သင်ပြောတာ ငါနားမလည်ဘူး"

"ကျွန်မပြောတဲ့အတိုင်း သင်လုပ်ရင် ကောင်းကောင်း နားလည်ပါလိမ့်မယ်"

မင်းသားလည်း ဘာမှုစဉ်းစားမရအောင် ဖြစ်သွားခဲ့ရတယ်။ ဒါပေမယ့် မှော်ကြေးမုံကို စိတ်ဝင်စားမိတာနဲ့ မယ်ကြိုးကြာနေတဲ့အခန်းထဲသို့ ယူလာမိခဲ့တယ်။

"နှမတော်ရေ၊ ဟောသည်မှန်ကြီးကို မောင်တော် ယက်ဆောင်ရလာခဲ့တယ်၊ လာကြည့်စမ်းပါဦး"

မင်းသားလေးက ခေါ်လိုက်တဲ့အခါ မယ်ကြိုးကြာလေးဟာ ပရိယာယ်ကို မသိရှာပဲ ခုတင်ပေါ်က ဆင်းလာခဲ့တာပေါ့၊ မှော်ကြေးမုံရှေ့ကို ရောက်တဲ့အခါ သူ့ရုပ်သွင်ကို ကြည့်မိလိုက်တယ်။

"အလိုလေး လေး"

မင်းသားလေးဟာ ရုတ်တရက်လန့်ပြီး အော်လိုက်မိတယ်၊ ကြေးမုံပေါ်မှာ မြင်လိုက်ရတဲ့ မယ်ကြိုးကြာရဲ့ရုပ်သွင်



www.burmeseclassic.com

www.burmeseclassic.com



ဟာ ကြိုးကြာငှက်ရဲ့ အသွင်ဖြစ်နေတယ်။

မယ်ကြိုးကြာလည်း သိပ်ပြီး အံ့ဩထိတ်လန့်သွားခဲ့တာပေါ့။ မျှော်ကြေးမုံဟာ အမှန်ကို ဖော်ပြတယ်။

သူ့ကို လှည့်စားလို့ မရဘူး၊ မယ်ကြိုးကြာဟာ တကယ့် ကြိုးကြာငှက်မလေး ဖြစ်နေပြီ။

"အို"

ယူကြုံးမရဖြစ်တဲ့စိတ်၊ ဝမ်းနည်းကြေကွဲမိတဲ့စိတ်၊ ရှက်ရွံ့မိတဲ့စိတ်တွေ အားလုံးတစ်ပြိုင်နက်တည်း ဖြစ်ပေါ်ခံစားမိပြီး မင်းသားလေးရဲ့အပါးက ပြေးထွက်ခဲ့ပါတော့တယ်။

မင်းသားလေးလည်း မွန်ထူနေတဲ့အတွက် မယ်ကြိုးကြာထွက်ပြေးသွားတာ မသိလိုက်ဘူး၊ အမှတ်မထားမိလိုက်ဘူး။

အဲဒီအချိန်မှာ ဥတ္တရာဟာ အခန်းရှေ့မှာ ရောက်လာခဲ့ပြီး. . . . .

"ဟား. . ဟား. . ဟား. . ၊ အရှင်မင်းသားရဲ့ ကြင်ယာတော်ဟာ လူမဟုတ်ဘူး၊ အဟိတ်တိရစ္ဆာန်စစ်စစ် ဖြစ်နေတယ်ဆိုတာ အခုသိပြီ မဟုတ်လား၊ အသင်မင်းသားဟာ တိရစ္ဆာန်ကို ယူထားတာ၊ တိရစ္ဆာန်မရဲ့ခင်ပွန်း၊ ဟား. . ဟား. . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီလို လှောင်ပြောင်ပြီး ပြောလိုက်တဲ့ ဥတ္တရာကို မင်းသားဟာ ဒေါသနဲ့ ကြည့်လိုက်တယ်၊ စိတ်ကိုလည်း မထိန်း နိုင်တော့ပဲ ဓားနဲ့ပိုင်းချလိုက်တယ်။

နောက်တော့ မယ်ကြိုးကြာကို သတိရသွားတာနဲ့. .

"မယ်ကြိုးကြာ၊ မယ်ကြိုးကြာ"

ဘယ်လိုပဲခေါ်ခေါ် မယ်ကြိုးကြာလေးဟာ အနီးအနားမှာ မရှိတော့ဘူး၊ သူထွက်ပြေးသွားတဲ့ဆီကို နန်းတွင်းသားတွေက ပြောပြကြတယ်။

မင်းသားလေးလည်း ဘာမှစဉ်းစားမနေတော့ပဲ တောက်လျှောက်လိုက်သွား တော့တာပေါ့။

အဲ့ဒီအချိန်မှာ မယ်ကြိုးကြာလေးဟာ ထူးဆန်းတဲ့ တောအုပ်ကြီးထဲကို ပြေးဝင်လာခဲ့တယ်။

သူ့ အင်မတန်ချစ်တဲ့ မင်းသားလေးရဲ့ မျက်နှာကို မကြည့်ရဲတော့ဘူး၊ သူရဲ့ဘဝအမှန်ကို သိသွားခဲ့ပြီမို့. .

"မောင်တော် ငါ့ကိုသိပ်ပြီး ရွံသွားပြီ၊ မုန်းလည်း မုန်းသွားပြီ၊ သူငါ့ကိုချစ်မြတ်နိုးတော့မှာ မဟုတ်တော့ဘူး"

ရင်ထဲက တဖွဖွမြည်တမ်းရင်း ရေကန်ကြီးဆီကို ရောက်လာပါလေရော။

မင်းသားလေးလည်း မယ်ကြိုးကြာကို မီလာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မယ်ကြိုးကြာ၊ မယ်ကြိုးကြာ၊ နှမတော် ခဏနေပါဦး"

မယ်ကြိုးကြာကို တားဆီးဖို့ ကြိုးစားတယ်၊ ဒါပေမယ့် မယ်ကြိုးကြာလေးဟာ မင်းသားလေးကို သိပ်ကြောက်နေပြီ မို့ ရေထဲကို ခုန်ဆင်းလိုက်တာနဲ့ တစ်ပြိုင်နက်. . . .

ကြိုးကြာငှက်မလေးအသွင်ကို ပြန်ပြီး ပြောင်းသွား ပါတော့တယ်။

နောက်တော့ မင်းသားလေးရဲ့ ရှေ့မှောက်မှာပဲ ပျံ သန်းပြီး ထွက်ခွာသွားလေသတဲ့။

မင်းသားလေးဟာ တကြော်ကြော်နဲ့ခေါ်ပြီး အပြေး လိုက်သွားပေမယ့် မရှိတော့ပါဘူး။

ကြိုးကြာမလေးဟာ သူ့ရဲ့မျက်စိအောက်မှာပဲ တ ဖြည်းဖြည်း ဝေးသထက်ဝေးသွားပြီး သေးငယ်တဲ့အစက်အ ပြောက်လေးအထိ ဖြစ်သွားခဲ့တယ်။

နောက်ဆုံး လုံးလုံးမမြင်ရအောင် ပျောက်ကွယ်သွား ခဲ့လေသတဲ့ကွယ်။

ကြေကွဲ၊ တသစိတ်နဲ့ ကျန်ရစ်ခဲ့သူကတော့ မင်းသား လေးပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com

# အလိုက်သိတဲ့တောခွေး



www.burmeseclassic.com

www.burmeseclassic.com

# အလိုက်သိတဲ့တောခွေး

တစ်ခါတုန်းက တောခွေးကိုးကောင်ဟာ အမဲလိုက်ထွက်လာခဲ့ကြသတဲ့။

လမ်းမှာ တောသုံးစောင်ကို အစိုးရတဲ့ခြင်္သေ့ကြီးတစ်ကောင်နဲ့ မမျှော်လင့်ပဲ တွေ့ဆုံမိပါလေရော။

တောခွေးတွေဟာ သိုပ်ပြီးတော့ ထိတ်လန့်သွားခဲ့ကြတာပေါ့။

"မင်းတို့ ငါ့ကိုမလန့်ကြပါနဲ့၊ အခု ဘယ်ကိုသွားကြမလို့လဲ"

ခြင်္သေ့ကြီးက မေးတဲ့အခါ. . .

"အမဲလိုက် သွားကြမလို့ပါ ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



တောခွေးလည်း တစ်ပြိုင်တည်း ဖြေကြတယ်။

"အေး . . . ငါလည်း အမဲလိုက်ထွက်လာခဲ့တာပဲ၊ မင်းတို့နဲ့ လိုက်ခဲ့မယ်"

သည်လိုနဲ့ ခြင်္သေ့ဟာဟာ တောခွေးကိုးကောင်နဲ့အတူ အမဲလိုက်ထွက်လာခဲ့ကြတယ်။

တစ်နေ့ကုန် အမဲလိုက်ကြတဲ့အခါ သမင်ဆယ်ကောင် ရတယ်၊ ဘယ်လိုခွဲယူရင် ကောင်းမလဲ၊ အဆုံးအဖြတ်ပေးမယ့် သူတစ်ယောက်တော့ လိုနေပြီ"

အဲ့သလို ပြောလိုက်တော့ အကောင်လုပ်ချင်တဲ့ တောခွေးတစ်ကောင်ဟာ. . .

"ဒီလိုလုပ်ရင် ကောင်းပါလိမ့်မယ်"

"ဘယ်လိုလည်း ပြော"

"ကျွန်တော်တို့အားလုံးက ဆယ်ကောင် မဟုတ်လား၊ သမင်ကလည်း ဆယ်ကောင်ဆိုတော့ တစ်ကောင်စီ ဝေယူကြမယ်လေ၊ မဟုတ်ဘူးလား"

"မဟုတ်ဘူး ကွ"

ခြင်္သေ့ကြီးဟာ အဲ့ဒီတောခွေးရဲ့မျက်နှာကို လက်ဝါးကြီးနဲ့ ပိတ်ရိုက်ပစ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖျန်း"

ကံဆိုးတဲ့ တောခွေးရဲ့မျက်နှာ တစ်ပြင်လုံး မီးဝင်းဝင်း တောက်သွားခဲ့ရတယ်၊ ပိုပြီး ကံဆိုးချင်တော့ သူ့ရဲ့မျက်လုံး နှစ်ခုစလုံး ထွက်သွားခဲ့လို့ပေါ့။

အဲသည့်တောခွေးလည်း အမြီးကုပ်သွားပြီး ချောင်ထဲ မှာ သွားကုပ်နေတယ်။

ခြင်္သေ့ရဲ့ဒေါသကို သိသွားခဲ့ကြတဲ့ ကျန်တောခွေး တွေလည်း ဘာမှဆက်ပြီး မပြောရဲတော့ဘူးပေါ့။

"ဟေ့ကောင်တွေ၊ မင်းတို့ ဘာဖြစ်လို့ ငြိမ်နေကြတာ လဲ၊ ဒီအမဲကောင်တွေကို အညီအမျှဖြစ်အောင် ခွဲကြလေကွာ၊ မင်းတို့ထဲက တစ်ယောက်ယောက်က မခွဲရင် မင်းတို့အားလုံး ကို ကိုက်သတ်ပစ်မယ်"

အဲ့ဒီလို ခြိမ်းခြောက်ပြီး ပြောတဲ့အခါ တောခွေးတွေ လည်း သေဘေးကို ကြောက်ရွံ့သွားခဲ့ကြတယ်။ အမဲကောင် ကို ဘယ်လိုနည်းနဲ့ အညီအမျှခွဲဝေယူကြမလဲ၊ ခွဲဝေလို့ မ တတ်ခဲ့ရင် ထိုတောခွေးလို မရှုမလှခံသွားရမှာ သေချာတယ်။

တစ်ကောင်သော တောခွေးရဲ့ခေါင်းထဲကို အကြံ ထစ်ခုခဲ့တယ်။

ပြီးပါပြီ

www.burmeseclassic.com



အဲဒီအကြံဟာ အင်မတန်မှ သင့်လျော်တဲ့အကြံပဲဆိုတာ ချက်ချင်းသိလိုက်တယ်၊ ခြင်္သေ့ကြီး လက်ခံမယ်ဆိုရင် သူတို့အားလုံး သေဘေးက လွတ်မြောက်ကြမှာပဲ။

"ကျွန်တော်ခွဲဝေပေးပါမယ် ခင်ဗျား၊ ကျွန်တော်တို့ တောခွေးတွေက အားလုံးကိုးကောင်ပါ၊ ခြင်္သေ့မင်းဆိုတာ တောသုံးတောင်ကို အစိုးရတဲ့ ရာဇာသခင်ပါ၊ တိရစ္ဆာန်အပေါင်းတို့ရဲ့ ဘုရင်ပါ။

ကျွန်တော်တို့ အမဲလိုက်လို့ ရခဲ့တဲ့သမင်က ဆယ်ကောင်ဖြစ်ပါတယ်၊ ခြင်္သေ့မင်းကို ကိုးကောင်ပေးလိုက်ပြီး ခြင်္သေ့မင်းနဲ့ပါထည့်ပြီး ပေါင်းလိုက်တဲ့အခါ ဆယ်ကောင်ဖြစ်သွားပါလိမ့်မယ်။

ကျန်တဲ့သမင်တစ်ကောင်ကို ကျွန်တော်မျိုးတို့ တောခွေးကိုးကောင်အတွက် ပေးလိုက်ရင်လည်း ဆယ်ကောင်ဖြစ်သွားပါလိမ့်မယ်၊ ဆယ်ကောင်၊ ဆယ်ကောင်စီဆိုတော့ အညီအမျှ ဖြစ်သွားပြီပေါ့ ခင်ဗျာ"

သည်တော့မှ ခြင်္သေ့ကြီးဟာ သဘောကျသွားပြီး

"မင်းဟာ အင်မတန်ပညာရှိတဲ့ တောခွေးပဲ၊ ဟုတ်လိုက်လေ၊ ဒါနဲ့ နေစမ်းပါဦးကွ၊ သည်လိုစိတ်ထူးမျိုး မင်းဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုရခဲ့သလဲ"

တောခွေးက ဘယ်လိုပြန်ဖြေသလည်း ဆိုရင်. . .

"ဒီလိုပါ ခြင်္သေ့မင်း၊ အဲ့ဒီအကြံအစည်ကို စောစော ခြင်္သေ့မင်း ကျွန်တော့်ရဲ့နော်တော် တောခွေးကို ရိုက်လိုက်တယ် မဟုတ်လား၊ အဲ့ဒီနောက်ပိုင်းမှာ ဒီလိုအကြံအစည်မျိုး ချက်ချင်း ရသွားခဲ့တာပါပဲ ခင်ဗျာ"

☆ ⅄ ☆



www.burmeseclassic.com

www.burmeseclassic.com

## နေ့ရာချင်းတော့မလဲဘူး



www.burmeseclassic.com

www.burmeseclassic.com

# နေရာချင်းတော့ မလဲပါဘူး

တစ်ခါတုန်းက အင်မတန်မှ ချမ်းသာတဲ့သူဌေးကြီး ဦးဘောဂဲဆိုတဲ့လူ တစ်ယောက်ရှိတယ်။

သူဌေးကြီးမှာ အခွဲအရံတွေ၊ အစေခံတွေ တော်တော်များသတဲ့၊ လိုလေသေးမရှိအောင် ပြည့်စုံနေတဲ့အတွက် မတောင့်မတ၊ မကြောင့်မကျ အခြေကျနေတဲ့သူပဲ ဖြစ်တယ်။

တစ်နေ့တော့ သူဌေးကြီးဟာ ဘယ်သူမှမသိအောင် အိမ်က တိတ်တိတ်ဆိတ် ထွက်လာခဲ့တယ်။

လယ်ကွင်းတစ်ခုကို ရောက်လာတဲ့အခါ တလင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ပလေ့မှုတ်ပြီး သီချင်းတကြော်ကြော်ဆိုနေတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရတယ်။

သူ့ကိုကြည့်ရတာ လောကကြီးကို ကျေနပ်နေပြီး အင်မတန်မှ စိတ်ချမ်းသာနေတဲ့ ပုံပါပဲ။

ပိုပြီးအံ့အားသင့်စရာကောင်းတာက အဲ့သည့်တော သားဟာ သူဌေးကြီးဦးဘောဂနဲ့ တစ်ထေရာတည်း တူညီနေလို့ပါပဲ။

သူတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး အံ့အားသင့်သွားခဲ့ကြတယ်၊ ကိုယ့်မျက်နှာကို မှန်ထဲပြန်ပြီး မြင်နေရသလိုပေါ့။

"မင်းဟာ ငါနဲ့တော်တော့်ကို တူတာပဲ"

"ဟုတ်တယ်၊ ညီအစ်ကိုဆိုရင် ယုံလောက်တယ်ဗျို့"

အဲ့သည့်လူရဲ့နာမည် သီလ လို့ခေါ်တယ်၊ ဦးဘောဂက သူဌေးကြီးမို့ ဦးတပ်ခေါ်ပေမယ့် အသက်ကဘာမှ ကြီးသေးတာ မဟုတ်ဘူး၊ သီလနဲ့ ရွယ်တူလောက်ပဲ ရှိတယ်။

ဦးဘောဂဟာ သီလရဲ့လွတ်လပ်မှုကို သဘောကျသွားတယ်၊ သူ့မှာတော့ သူဌေးကြီးဆိုတဲ့ အရှိန်အဝါကြောင့် အိမ်မှာ မှုင်နဲ့မော်းနဲ့ နေနေရတယ်၊ သားသမီးတွေကို အုပ်



www.burmeseclassic.com

www.burmeseclassic.com



ထိန်းရတဲ့ တာဝန်၊ အစေခံတွေကို ဆုံးမရတဲ့တာဝန်၊ အလုပ်အတွက် စီမံကွပ်ကဲရတဲ့ ကိစ္စတွေက ကြီးမားနေတယ်။

သူ့စိတ်ကို အဲ့သည့်အရာတွေအားလုံးက ချုပ်နှောင်ထားသလို ဖြစ်နေတာပေါ့။

"မင်းရဲ့ဘဝကတော့ အင်မတန်မှ လွတ်လပ်တာပဲ၊ အလုပ်လေးလုပ်လိုက်၊ အားရင် ပလွေလေးမှုတ်လိုက်၊ သီချင်းဆိုလိုက်နဲ့ စိတ်ကူးရရင် ကမ်းစပ်ထွက်ပြီး ငါးမျှားလိုမျှား၊ အိပ်ချင်တဲ့အချိန်အိပ်၊ ကောင်းကွာ၊ ငါဟာ တစ်ခြားသူမဟုတ်ဘူး၊ သူဌေးကြီး ဦးဘောဂလေ၊ သူလိုကိုယ်လို ရုပ်ဖျက်ပြီး ထွက်လာခဲ့တာ၊ လောကကြီးဟာ အင်မတန်မှ သာယာတာပဲ၊ ငါတော့ အိမ်ကိုတောင် မပြန်ချင်တော့ဘူး၊ ဒီလိုလုပ်ကွာ မင်းနဲ့ငါ နေရာချင်း ခဏလဲကြရအောင်၊ မင်းနေရာလေးမှာ ငါ့ကို သုံးရက်နေခွင့်ပြုပါကွာ"

"ဟာ မဖြစ်နိုင်ပါဘူး သူဌေးမင်း၊ သူဌေးမင်းက ရယ်စရာတွေ လာပြောနေပြန်ပြီ"

"ရယ်စရာ မဟုတ်ပါဘူး၊ တကယ်ပြောတာပါ၊ မင်းလည်း သူဌေးစည်းစိမ် ခံစားဖူးအောင်နေကြည့်၊ ငါသည် လွတ်လပ်ခြင်းရဲ့အရသာကို ခံစားချင်လွန်းလို့ တောင်းပန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာပါကွာ”

သည်တော့မှ သီလဟာ ဦးဘောဂက တကယ်ပြော နေမှန်း သိသွားခဲ့တယ်။

“ကျွန်တော် သူဌေးစည်းစိမ်ကို မမက်ပါဘူး၊ သူဌေး ကြီးကိုတော့ သနားပါတယ်၊ ဒါပေမယ့် ကျွန်တော်က ဆင်း ရဲသားဆိုတော့ သူဌေးလို ဘယ်နေတတ်မှာလဲ၊ ပြီးတော့ သူ ဌေးကြီးရဲ့ဇနီးက ကျွန်တော့်ကို သူဌေးကြီးလို့ ထင်သွားခဲ့ရင်”

“ဒါတွေ မပူပါနဲ့လေ၊ ငါကြည့်စီစဉ်ပေးပါ့မယ်၊ မင်း သာ လက်ခံရင် သုံးရက်ပြည့်တဲ့နေ့မှာ လူချင်းဖြန့်လဲပြီး အသ ပြာကစ်ထောင် ပေးမယ်ကွာ”

လွယ်တဲ့ကိစ္စတော့ မဟုတ်ပေမယ့် လူနှစ်ယောက် ဟာ ဘဝပြောင်းပြီး သူဌေးက ဆင်းရဲသား၊ ဆင်းရဲသားက သူဌေးအဖြစ် ပြောင်းလဲပြီး ခံစားကြမှာ ဖြစ်တယ်။

ဦးဘောဂဟာ သီလကိုသူဌေးပုံပေါက်အောင် ဘယ် လိုဟန်မျိုးနဲ့ နေရမယ်၊ ဘယ်လိုစကားလုံးမျိုး သုံးနှုန်းရမယ်၊ အလုပ်အကိုင်အတွက် နေ့စဉ်ဆောင်ရွက်ပုံတွေ. . .

ဇနီး၊ သားသမီးတွေရဲ့ ပုံပန်းသဏ္ဌာန်တွေကို ညွှန်ကြား ပြသပေးတယ်။ သင်ကြားပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အသိဉာဏ်သိပ်မဝေးတဲ့ သီလဟာ မကြာခင်မှာပဲ သဘောပေါက် နားလည်သွားတော့တယ်။

ညနေမှိုးချုပ်ကာနီးမှ မောင်သီလလည်း သူဌေးကြီး ဦးဘောဂအယောင်ဆောင်ပြီး သူဌေးကြီးရဲ့ အိမ်ကိုထွက်သွားတယ်။

သူဌေးကြီးကတော့ လယ်တောထဲမှာ နေခဲ့တယ်။

ဦးဘောဂ ရုပ်ဖျက်ပြီးထွက်သွားတာကို သူ့ရဲ့ဇနီးတစ်ယောက်ပဲ သိတယ်၊ အိမ်ကိုပြန်လာတော့ ဦးဘောဂနဲ့ ရုပ်ချင်းတစ်ထေရာတည်း တူနေတဲ့ ဦးသီလကို ဦးဘောဂလို့ပဲ ထင်မှတ်မိတာပေါ့။

သီလလည်း အိမ်သားတွေအားလုံးက သူ့ကို သင်္ကာမကင်း မဖြစ်ကြတော့ စိတ်သက်သာရာရတယ်။

ဦးဘောဂ သင်ကြားပေးခဲ့တဲ့အတိုင်း ဂရုစိုက်ပြီး နေထိုင်တယ်။ ပြောဆိုဆက်ဆံတယ်၊ လယ်တောမှာ တစ်ထပ်တည်းတူအောင် အစစအရာရာ သင်ကြားနိုင်ခဲ့တဲ့အတွက် အစစအရာရာ အားလုံးအဆင်ပြေနေတယ်။

ဦးဘောဂရဲ့ဇနီးကိုလည်း ပုတီးစိပ်မယ်၊ တရားထိုင်မယ်ဆိုပြီး ကြိုပြောထားတယ်၊ သုံးရက်အဓိဋ္ဌာန်ဝင်မှာမို့ ဇနီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အတူတူမအိပ်ရဘူးဆိုပြီး သိစေတယ်။

ဒါပေမယ့် တစ်နေ့တစ်နေ့ ရောက်လာတဲ့ ကုန်ရောင်း ကုန်ဝယ်ကိစ္စ၊ အလုပ်နဲ့ပက်သက်တဲ့ အခက်အခဲတွေကို ဦးဘော်ဂ သင်ကြားပေးခဲ့တဲ့အတိုင်း ဖြေရှင်းပေးနေရတဲ့ ကိစ္စတွေ။

ကြွေးမြီကိစ္စပြေလည်အောင် ဆောင်ရွက်ပေးနေရတာတွေက ခေါင်းရှုပ်စရာကြီးပါ။

ဒီကြားထဲ သားသမီးတွေက ဟိုတစ်မျိုး၊ ဒီတစ်မျိုးနဲ့ ဇနီးဖြစ်သူရဲ့ မချေမငံစကားတွေကို မကြားအကာ ကြားနေရတယ်။

သီလစိတ်ညစ်လာပြီး ဒီအိမ်မှာ မနေချင်တော့ဘူး၊ သူ့လယ်တော ကွင်းပြင်ဆီကို မြန်မြန်ပြေးချင်လှပြီ၊ လွတ်လပ် သန့်ရှင်းတဲ့ လေကိုရှူရင်း ပလွေသံလေးတကြူကြူနဲ့နေ နေရတဲ့ အခြေအနေကို ပြန်လည်တောင့်တလာမိခဲ့တယ်။

ဒီမှာ သူဌေးလိုနေရပြီး အစားကောင်း အသောက်ကောင်းတွေ စားနေရတာကို ခံတွင်းမတွေ့တော့ဘူး။

လယ်တောထဲ ဒိုးကပ်ချက်စားတဲ့ ငါးခြောက်ကို အားရပါးရ ထမင်းကြမ်းခဲနဲ့ယှဉ်ဖက်ပြီး စားရတဲ့အရသာကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီး စောင့်တလာခဲ့တယ်။

ကမ်းစပ်မှာ ကိုယ်ကိုင်ငါးထိုင်ချားပြီး ငါးမိုးဖုတ်လေးနဲ့ ငပိရည် ကျိုခရား အမင်းဗိုင်းလေးကို မှန်းဆမိရင်း ကိုယ့်လယ် ဘက်ကို ပြုပြီးတော့ လွမ်းဆွေးသွားမိတယ်။

လူဆိုတာ ဘယ်လောက်ပဲ ဟန်ဆောင်တောင်း တောင်း တစ်နေ့ကျ သူ ဦးဘောဂ မဟုတ်ဘူးဆိုတာ သိသွား ခဲ့ကြရင် အခက်တွေ့မှာလည်း စိုးရိမ်မိတယ်။

သုံ့ရက်လည်း ပြည့်ရော၊ သီလဟာ သူ့ဟာတောခဲ ပြန်ပြောပါလေရော။

အဲ့ဒီအချိန်မှာ ဦးဘောဂဟာ သာသာအေးချမ်းတဲ့ သာတော်ရဲ့ လွတ်လပ်မှုအကျိုး အာနိသင်ကို ခံစားနေစဉ်ပဲ ဖြစ်တယ်။

“သူဌေးကြီး၊ ကျွန်တော်တို့ နေရာချင်းပြန်ပြီး လဲကြ ရအောင် သူဌေးကြီးပြောတဲ့ သုံးရက်လည်း ပြည့်သွားပါပြီ ခင်ဗျာ”

“အင်း.. မင်းရဲ့နေရာလေးဟာ ငါ့အတွက် အပ်ပ တန်မှ အဆင်ပြေစေတာပဲကွ။ ငါတော့ ကြုံတည်းပြီး အသေ ရှုန်းနေအောင် ခံစားနေရမယ့် ငါ့နေရာလေးကိုတော့ ပြန် ချင်တော့ပါဘူးကွာ၊ အပြီးအပိုင်ပဲ လဲလိုက်ချင်တော့တယ်”



www.burmeseclassic.com

www.burmeseclassic.com



"မ. . မလုပ်ပါနဲ့၊ သူဌေးမင်းရယ်၊ ကျွန်တော့်နေရာလေးမှာပဲ ပြန်နေပါရစေ၊ ကျွန်တော့်ယာတော ကွင်းပြင်ကို ဘယ်လိုမှ မစွန့်လွှတ်နိုင်လို့ပါ၊ သူဌေးအဖြစ်ကိုလည်း ကျွန်တော် မလိုလားပါဘူး"

မျှာမျှာသလဲနဲ့ တောင်းပန်နေမိတဲ့ သီလကို သူဌေးကြီး ဦးဘောဂက ဘယ်လိုမှ နားမလည်နိုင်တဲ့အကြည့်နဲ့ ကြည့်လိုက်မိတယ်။

နောက်တော့ အသပြာတစ်သောင်း ပေးပြီးတော့ ဦးဘောဂလည်း ပြန်သွားခဲ့တယ်။

သီလအနေနဲ့ ကိုယ့်ပတ်ဝန်းကျင်ကို မဆုံးရှုံးခဲ့တဲ့အတွက် ပြန်ရောက်လာတဲ့အခါ ဘိုပ်ကိုပျော်ရွှင်သွားမိခဲ့တယ်။

လယ်တောကွင်းပြင်ထဲကို ဖြတ်ပြီး တိုက်ခတ်လာတဲ့ လေကို အားပါးတရ ရှူရှိုက်မိလိုက်တော့သတဲ့ကွယ်။ ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## အပြောမတွက်တော့

ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းပြုတယ်။

ဗြဟ္မဒတ်မင်းကြီးမှာ အိမ်ရှေ့စံ သားတော်လေးတစ်ပါး ရှိတယ်။

ဗာရာဏသီပြည်ရဲ့ အစွန်အဖျားမှာ သူပုန်သူကန်တွေ တုန်လှုပ်ထကြွနေတယ်ဆိုတဲ့ သတင်းရတဲ့အတွက်. . .

"သားက ဦးစီးပြီးသွားရောက် နှိမ်နင်းတိုက်ခိုက်စေ"

ခမည်းတော် ဘုရင်ကြီးက အမိန့်တော်ချမှတ်လိုက်ငဲ့အတွက် သားတော်ဟာ ဗိုလ်ပါဆင်မြင်း အလုံးအရင်းနဲ့ထွက်ပြီး တိုက်ခိုက်နဲ့ ထွက်ပြီး တိုက်ခိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းစွန်ပြည်နားက သူပုန်သူကန်တွေဟာ အိမ်ရှေ့စံမင်းသားလေးရဲ့တပ်ကို အံမတုနိုင်ပဲ ထွက်ပြေးကြရတယ်။

အဲ့ဒီအချိန်မှာ ကျေးတောသားတစ်ယောက်ဟာ အိမ် ရှေ့မင်းရဲ့တပ်ကြီးကို မြင်မိတာနဲ့ ကြောက်လန့်ပြီး ထွက်ပြေး ပါလေရော။

ကျေးတောသားလေးဟာ မြို့ကိုမရောက်ဖူးတဲ့ အရိုးခံလေး ဖြစ်တယ်။

မင်းသားလေးက ကျေးတောသားလေး ထွက်ပြေးတာ ကိုမြင်လိုက်တဲ့အခါ ချက်ချင်းပဲ မင်းချင်းတစ်ယောက်ကို ခေါ်ခိုင်းလိုက်တယ်။

ကျေးတောသားလေးလည်း ကြောက်ရွံ့နဲ့ပါလာခဲ့တာပေါ့။ အိမ်ရှေ့စံမင်းသားလေးရဲ့ ရှေ့မှောက်မှာ ခစားမိတယ်။

"အသင် ဘာဖြစ်လို့ ထွက်ပြေးရတာလဲ"

"ဆင်မြင်း အလုံးအရင်းနဲ့ တပ်မဟာကြီးကို မြင်မိ၍ ကြောက်ရွံ့ပြီး ထွက်ပြေးရခြင်း ဖြစ်ပါသည်"

"သင် မင်းနေပြည်တော်ကို ရောက်ဖူးသလား"

"တစ်ခါမှ မရောက်ဖူးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် သင့်ကိုနေပြည်တော်သို့ ခေါ်သွားမည်။ မင်းမှုထမ်းရန် လိုက်ခဲ့ပေတော့"

"အရှင်မင်းသား၊ ကျွန်တော်မျိုးဟာ သာမန်ကျေးတောသားလေး မျှသာဖြစ်ပါတယ်၊ မင်းစိုးရာဇာတို့၏အနီးမှာ မနေဖူးပါ။ ထီးသုံးနန်းသုံး စကားမျိုးလည်း နားမလည်ပါ။ အမှားအယွင်းဖြစ်မည်ကို စိုးထိတ်မိ၍ မလိုက်လိုပါ"

"ကျေးတောသားလေး၊ အဲဒီအတွက် ဘာမှမစိုးရိမ်ပါနဲ့၊ နန်းတော်မှာ မှူးကြီး၊ မတ်ကြီး၊ ဝန်ကြီးများအစ စစ်ကဲ၊ စစ်သူကြီးများ၊ နန်းတွင်းသူ၊ နန်းတွင်းသားများစွာတို့ ရှိကြတယ်။ သူတို့ပြောပြ ဆိုပြတာကို မသေမချာချာမှတ်၊ အတုခိုးပြီး ပြောလျှင် အဆင်ပြေနိုင်ပါတယ်"

"ကျေးတောသားလေးလည်း မငြင်းသာတော့ပဲ နေပြည်တော်ကို လိုက်သွားခဲ့ရတယ်၊ နေပြည်တော်ကို ရောက်တော့ ခမည်းတော်ဘုရင်ကြီးဆီမှာ အပ်နှံပြီး အခစားဝင်စေခဲ့တယ်။

တစ်နေ့မှာ. . .

တောရွာတစ်ရွာက တံငါသည်တစ်ဦးဟာ အလိမ်တန်ကြီးတဲ့ လိပ်ကြီးတစ်ကောင်ကို ဖမ်းမိပြီး ဘုရင်ထံဆက်သ



www.burmeseclassic.com

www.burmeseclassic.com



လာတယ်။ ဘုရင်က ကျေးတောသားလေးကို ခေါ်ပြီး. . . .

"ဒီ. . မဟာ ရွှေလိပ်တော်ကြီးဟာ ယဉ်ကျေးသိမ်မွေ့ ပါကလား၊ တောထဲကရလာခဲ့တဲ့ လိပ်ကို မဟာရွှေလိပ်တော် ကြီးလို့ ခေါ်ပေသကိုး"

သူ သေသေချာချာ မှတ်သားထားလိုက်သတဲ့။

တစ်ခါ. . .

ညီလာခံ ကျင်းပတဲ့ နံနက်ခင်းမှာ ဘုရင်မင်းမြတ်က အမိန့်ရှိတော့မူ ပြန်တယ်။

"ယနေ့သည် ဥပုသ်နေ့ဖြစ်တဲ့အတွက် ဥပုသ်ဆောင်ကို ရွှေစကြာ ဖြန့်တော်မူမယ်"

ကျေးတောသားလေးလည်း စကားအဆန်းတစ်ခု ကြားလိုက်ရ ပြန်တယ်။ ရွှေစကြာဖြန့်တော်မူမယ်ဆိုတာ ဘာ အဓိပ္ပာယ်လည်းလို့ လေ့လာကြည့်လိုက်တော့. . .

"ဪ၊ ရွှေစကြာဖြန့်တယ်ဆိုတာ သွားတာကို ပြော တာကိုး. ."

ပွဲတော်တည်ချိန် (ထမင်းစားချိန်) ရောက်တဲ့အခါ. .

"မင်းကြီးများ၊ ပွဲတော်တည်ဖို့ အချိန်နီးနေပြီ မွန်းတည့် ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



မှူးကြီးမတ်ကြီးများက အပြင်ကိုထွက်ကြည့်ကြတယ်။

နေခေါင်းပေါ်ရောက်မရောက် ထွက်ကြည့်ကြခြင်းပဲဖြစ်တယ်။

"မွန်းဆိုတာ နေကို ခေါ်တာကိုး"

ပွဲတော်တည်တဲ့အခါ ဘုရင်မင်းမြတ်က. . . .

"မင်းကြီးများ၊ ပံသကူ ပါရဲ့လား"

လို့ မေးတဲ့အခါ ကြက်သားဟင်း ယူလာတာ တွေ့ရတော့. . .

"နန်းတော်မှာ ထီးသုံးနန်းသုံးစကားအရ ကြက်ကိုတောင် ပံသကူလို့ ယဉ်ယဉ်ကျေးကျေး ခေါ်လိုက်တာပဲ"

ထီးသုံးနန်းသုံး စကားမှန်သမျှ အားလုံးကိုလိုက်ပြီးတော့ မှတ်တယ်။

ဘုရင်ကြီး ဥပုသ်ဆောင်က အထွက်မှာ. . .

"ဟဲ့၊ ကျေးတောသားလေး၊ ဟိုတစ်နေ့က ဆက်သလာတဲ့ မဟာရွှေလိပ်တော်ကြီး ဘယ်မှာလဲ"

လို့ မေးတဲ့အခါ ကျေးတောသားလေးက သူထားတဲ့နေရာမှာ သွားပြီးတော့ ကြည့်တယ်၊ လိပ်ကြီးကို မတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။

ဘုရင်ကြီးကို မြန်မြန်ဆန်ဆန် ဘယ်လိုလျှောက်တင်လိုက်သလည်း ဆိုရင်...

"အရှင်မင်းကြီး၊ ကျွန်တော်မျိုး သေသေချာချာ ထိန်းသိမ်းဆည်းထားတဲ့ မဟာရွှေလင်ဗန်းကြီးကို လွှမ်းစွာကြီးမားသော အဝတ်ကြီးနှင့် ဖုံးအုပ်ထားပေါ့ပါသည်။ ပုံသက္ကူ တွန်အပြိုး မွန်းလည်း မထွက်ခင်. မည်သည့်အရပ်ကို ရွှေ့ပြောင်းဖြုန့်တော်မူသွားကြောင်း. မသိတော်မူပါ၍ အသနားခံအပ်ပါသည်ဘုရား"

အဲဒီလို လျှောက်တင်တဲ့အခါ ကြားလိုက်ရတဲ့ ဘုရင်ကစပြီး ဒေါ်လီးစုအမှ မပြုံးနိုင် မရယ်နိုင်ပဲ ဖြစ်သွားခဲ့ရသတဲ့။

"ပထီးဒေါ်နှင်း ဒိုးစဏ္ဍာကျော်ပုံအသွေးမှတ်ပြီး မိုးထောက်တိုင်နေရာမှာ ညိုသည့်မိုးရိုက်ခွဲတဲ့အကျွက် ခိုအစွန်းလုံးသေးသေးခံမရိုးသေးကြီး အတွက် နားထောင်ရတာ အဆင်မပြေ ဖြစ်သွားခဲ့ရတာပေါ့ ကွယ်။ ...

www.burmeseclassic.com

www.burmeseclassic.com

# အဖိုးတန်ဆုံးသောအရာ




www.burmeseclassic.com

www.burmeseclassic.com

# အဖိုးတန်ဆုံးသော အရာ

ဟိုးရှေးရှေးတုန်းက မြို့တစ်မြို့မှာ အင်မတန်မှ ချမ်းသာတဲ့သူဌေးကြီး ဦးစိတ္တဆိုတာ ရှိသတဲ့။

သူဟာ- ဒီလောကချမ်းသာတာတောင် လောကမှာ အဖိုးတန်ဆုံးသောအရာဟာ ဘာမှန်းမသိဘူးတဲ့။

သူ့ရဲ့ရွှေ၊ ငွေ၊ ပစ္စည်းတွေထက် ပိုပြီးအဖိုးတန်တဲ့ ရတနာတွေ ရှိလိမ့်ဦးမယ်လို့ ထင်နေမိတယ်။

သူဌေးကြီး ဦးစိတ္တမှာ ကုန်တင်သင်္ဘောကြီး တစ်စင်း ရှိတယ်၊ သင်္ဘောကို ပဲ့ကိုင်တဲ့သူကတော့ မောင်ညွှာကာဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



လှူငယ်လေး တစ်ယောက်ပေါ့။

"ဟော့ ညာဏ၊ မင်းဟာ အစဉ်းစားဉာဏ်ရှိတယ်၊ ဘာမဆို လေးလေးနက်နက် ထားတတ်တယ်၊ မင်း ဒီတစ်ခေါက် သင်္ဘောနဲ့ ခရီးထွက်ပြီး ပြန်လာခဲ့ရင် အဖိုးတန်ဆုံးသော အရာကို သင်္ဘောနဲ့ တင်လာခဲ့ပေ့"

"ဟုတ်ကဲ့၊ ကောင်းပါပြီ သူဌေးမင်း"

မောင်ညာဏဟာ ကုန်တွေကို သင်္ဘောနဲ့တင်ပြီး ခရီးထွက်သွားခဲ့တယ်။ ရက်အတန်ကြာတော့ သင်္ဘောကြီးဟာ မြို့ကို ပြန်ရောက်လာခဲ့တယ်။

သင်္ဘောပေါ်မှာ အဖိုးအတန်ဆုံးသော အရာကို တင်ဆောင်လာခဲ့တာပေါ့။

မောင်ညာဏဟာ သူဌေးကြီးဆီကို သွားပြီး. . .

"လောကမှာ အဖိုးတန်ဆုံးသော အရာကို ကျွန်တော် ယူဆောင် လာခဲ့ပါပြီ ခင်ဗျာ"

သူဌေးကြီးက စိတ်ဝင်စားသွားတယ်၊ ဘာတွေများ ယူလာခဲ့ပါလိမ့်ပေါ့၊ သင်္ဘောပေါ် သွားကြည့်တဲ့အခါ စပါး တွေဖြစ်နေတာကို တွေ့ရသတဲ့။

သူဌေးကြီးက သိပ်ပြီး စိတ်ဆိုးသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော၊ ဒါတွေလားကွ၊ အဖိုးတန်ဆုံးသော အရာဆိုတာ၊ လုံးဝမဖြစ်နိုင်ဘူး၊ ပင်လယ်ထဲကို သွားလွှတ်ပစ်ချေ"

သူဌေးကြီးကို ဝိုင်းပြီး တောင်းပန်ကြ၊ တားဆီးကြပေမယ့် မရပါဘူး၊ စပါးတွေကို ပင်လယ်ထဲသွားပြီး လွှတ်ပစ်လိုက်ကြတယ်။

မောင်ညာဏလည်း ဘာမှ မတတ်နိုင်ဘူးပေါ့။

နောက် လအနည်းငယ် ကြာတဲ့အခါမှာ မိုးလေဝသ မမှန် ဖြစ်လာတယ်၊ သီးနှံစိုက်ခင်းတွေ ပျက်ဆီးလာခဲ့ကြတယ်၊ တစ်မြို့လုံးအစာ ရေစာရှားပါးပြီး ဒုက္ခအတိ ရောက်ကုန်ကြတာပေါ့။

သူဌေးကြီး ဦးစိဗ္ဗဟာ အိမ်အတွက် အစားအသောက်တွေကို သိုမှီးထားတဲ့လူတွေဆီက ငွေကြေး အဆမတန်ပေးပြီး ဝယ်ရတယ်။

နောက်တော့ ငွေတွေဘယ်လောက် ပုံပြီးပေးပေး မရောင်းတော့ဘူး။ စိန်၊ ရွှေ ရတနာတွေနဲ့ လဲတာတောင် ဆန်တစ်တင်းပေးမယ့် လူမရှိဘူး။

"အဲ့ဒီရတနာတွေကို စားလို့ရတာမဟုတ်ဘူး၊ ဆန်ကစားလို့ရတယ်၊ မလဲနိုင်ပါဘူး သူဌေးမင်း"



www.burmeseclassic.com

www.burmeseclassic.com



ဆာလောင်မွတ်သိပ်လာတဲ့အခါ စိန်ရွှေရတနာတွေကို စားလို့ မရမှန်း သိသွားတယ်။

အခု သူဌေးကြီးရဲ့ မိသားစုမှာ ဖမ်းရေးအတွက် အခက်တွေ့နေကြရပြီ။

"အင်း . . မောင်ညာဏယူလာတဲ့ လောဘတမှာ အဖိုးတန်ဆုံးသော အရာဟာ စပါးဆိုတာ သိမဲ့ပြီး မှန်ပါလား"

နှောင်တရသွားခဲ့တယ်၊ စပါးတွေကို ပင်လယ်ထဲ ပစ်ချမိတာ မှားသွားခဲ့ပြီဆိုတာ နားလည်လိုက်တယ်။

မကြာမီ ရာသီဥတုဟာပြန်ပြီး ကောင်းမွန်လာခဲ့တယ်၊ မိုးလေဝသလည်း မှန်လာခဲ့တယ်။

သူဌေးကြီး ဦးစိတ္တဟာ ကမ်းခြေဘက်ကို မောင်ညာဏနဲ့အတူ လမ်းလျှောက်ထွက်ခဲ့တယ်။

ကမ်းခြေမှာ စပါးခင်းကြီးတစ်ခုကို အံ့အားသင့်စွာ တွေ့လိုက်ရတယ်။

စိမ်းလန်းနေတဲ့ စပါးခင်းကြီးဟာ အပြောကျယ်လှတဲ့ သောင်ပြင်ပေါ်မှာ တမျှော်တခေါ်ကြီးကို ဖြစ်နေတယ်။

ညာဏ၊ ဒီစပါးခင်းကြီးဟာ ဘယ်လိုကြောင့် ဒီနေရာမှာ လာပေါက်နေရတာလဲ

www.burmeseclassic.com

www.burmeseclassic.com



"ဆူဌေးမင်း၊ ဒီစပါးတွေက တစ်ခြားမဟုတ်ပါဘူး၊ သူ ဌေးမင်း ပင်လယ်ထဲကို ပစ်ခိုင်းလိုက်တဲ့ စပါးစေ့တွေဟာ လှိုင်း ပုတ်ခတ်မှုကြောင့် ကမ်းစပ်ကို ပြန်ရောက်လာခဲ့ကြ ပါတယ်၊ အခု အပင်အဖြစ် ပေါက်နေကြခြင်းပဲ ဖြစ်ပါတယ်"

သဘောပေါက်သွားတဲ့ သူဌေးကြီးဟာ ခေါင်းတ ညိတ်ညိတ်နဲ့ ရှိနေပြီး . . .

"အင်း၊ အင်မတန် အဖိုးတန်တဲ့ အရာတွေပဲ၊ ဒီစပါး တွေ ရင့်မှည့်လာရင် လူအားနဲ့ ရိပ်သိမ်းကြရမယ်၊ ပြီးတော့ မရှိ ဆင်းရဲသားတွေကို ဝေငှပေးကမ်းကြရမယ်"

မကြာခင်မှာ စပါးတွေဟာ ရင်မှည့်လာခဲ့ကြတယ်၊ ချိတဲ့နွမ်းပါးတဲ့ လူတွေဟာ စပါးတွေကို ဝင်ပြီးရိတ်သိမ်း ပေး နေကြတယ်။

သူဌေးကြီး ဝေငှတဲ့ စပါးတွေကို ဝမ်းသာအားရစွာ နဲ့ လက်ခံယူကြပြီး ပျော်ရွှင်နေကြသတဲ့။

အဖိုးတန်ဆုံးသော အရာဟာ အညီအမျှ ဆိုတာ သူတို့လည်း နားလည်သဘောပေါက်ပြီးသား ဖြစ်ခဲ့ပြီပေါ့ ကွယ်။



www.burmeseclassic.com

www.burmeseclassic.com

စာလိုက်မှုဆိုး



www.burmeseclassic.com

www.burmeseclassic.com

ဝင်းရွှေနောင်

# စာလိုက် ဗုဆိုး

တစ်ခါတုန်းက လယ်ကွင်းပြင်၊ စပါးပင်တွေကြားမှာ ကျက်စားနေကြတဲ့ စာကလေးတွေ အမြားအပြား ရှိကြသတဲ့။

အဲ့ဒီ စာကလေးတွေကို ပိုက်နဲ့ထောင်ဖမ်းပြီး အသက်မွေးဝမ်းကျောင်း ပြုနေတဲ့ စာလိုက်မုဆိုးတစ်ယောက် ရှိတယ်။ သူ့ရဲ့နာမည်က သောမလို့ ခေါ်တယ်။

သောမဟာ ဖမ်းလို့ရတဲ့ စာကလေးတွေကို ဈေးမှာသွားပြီး ရောင်းချလေ့ရှိတယ်။ စားသောက်ဆိုင်တွေက ဝယ်ကြပြီး သတ်ဖြတ်တယ်၊ ကြော်ချော်ပြီး ရောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းမိတဲ့ စာကလေးတွေကို ခြင်းထဲမှာ ထည့်ပြီး အပေါ်အဖုံးနဲ့ ပိတ်ထားတယ်။

လယ်တောကွင်းပြင်မှာ လွတ်လွတ်လပ်လပ်နေနေရတဲ့ စာကလေးတွေဟာ အချုပ်အနှောင်ထဲကို ရောက်လာခဲ့ရတဲ့အခါမှာ သိပ်ပြီးကြောက်ရွံ့သွားခဲ့ကြတယ်။ မနေတတ်ကြတော့ဘူး၊ အသက်ဘေးကြောင့် ခြင်းလေးထဲမှာ ဟိုပြေးသည်ပြေးနဲ့ ဖြစ်ကုန်ကြတယ်။

ခြင်းလေးကကျဉ်းတော့ တစ်ကောင်နဲ့တစ်ကောင် တိုက်မိကုန်ကြတယ်။

သောမဟာ စာကလေးတွေ့ရဲ့သောကကို မသိဘူး၊ စာများများရရင် ငွေများများ ရမယ်ဆိုတာကိုပဲ သိတယ်။

သူမိထားတဲ့ စာကလေးတွေထဲမှာ မိအိုဖအိုတွေကို လုပ်ကျွေးနေတဲ့ စာကလေးတွေလည်း ပါတယ်၊ သားငယ်သမီးငယ်လေးတွေကို အစာရှာကျွေးနေတဲ့ မိဘတွေလည်း ရှိတယ်။

အခုလို အဖမ်းဆီး ခံရပြီး အချိန်တန်လို့မှ ကိုယ့်ရဲ့အသိုက်အမြုံကို ပြန်မရောက်ခဲ့ရင် အစာငတ်ပြီး သေကုန်ကြတော့မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်မှာ သေပွဲဝင်သွားကြရတဲ့ စာကလေးတွေကိုလည်း သနားရကောင်းမှန်း မသိဘူး။

ခြင်းလေးထဲမှာ ရုန်းချင်သလောက်ရုန်း၊ ထွက်ချင်သလိုထွက် ဘယ်တော့မှ မရဘူး၊ စိတ်ဆင်းရဲကြရတဲ့ စာကလေးတွေရဲ့ အပူကို သူ ဥပက္ခာပြုထားတယ်။

သောမတစ်ယောက် သည်ကနေ့မှာ ပိုပြီးတော့ မျှော်နေတယ်။

စာငှက်ကလေးတွေ တော်တော်များများကို သည်ကနေ့မှာ ရလိုက်လို့ပဲ ဖြစ်တယ်။

စာငှက်ကလေးတွေ ထည့်ထားတဲ့ခြင်းလေးကို လွယ်ပြီး လေတစ်ချွန်ချွန်နဲ့ ပြန်လာခဲ့တယ်။

အိမ်ကိုရောက်တော့ မျှော်လင့်မထားတဲ့ ဖြစ်ရပ်ဆန်းတစ်ခုနဲ့ ကြုံလိုက်ရတယ်။

ဇနီးဖြစ်သူဟာ ငိုယိုနေတယ်၊ ရွာသူရွာသား အချို့ကိုလည်း တွေ့ရတယ်။ သူ့ရင်ထဲမှာ ထိတ်ကနဲ ဖြစ်သွားခဲ့တာပေါ့။

"ဘာ၊ ဘာဖြစ်လို့လဲ"

"သား၊ သားပျောက်သွားလို့ ဘယ်မှာရှာလို့မတွေ့

www.burmeseclassic.com

www.burmeseclassic.com



ဘူး။

သူငယ်ငယ်ကို မြေပေါက်လိုက်သလို သူ့နှလုံးသား ကို မီးကြီးနဲ့ ထိုးပေါက်သလို ခံစားလိုက်ရတယ်။

တစ်ဦးတည်း ရှေ့ဆော် သားရှေ့တာသူ့ရဲ့ အသက်ပဲ၊ ဖအေပြန်လာရင် ခြေလှမ်းမှာလုံးတွေ မနိုင့်တခိုင်နဲ့မြေး မြေး ဖြိုး ကြိုးဖြေလိုက်တဲ့ သားပါ။

ဇကားလေး မပီကလာ၊ ပီကလာနဲ့ ဖခင်ရဲ့ကိုယ်ပေါ် ကို ကုပ်တွယ်ဖြီးလည်း တက်တယ်၊ စာအရှင်လေးတစ် ခေါင်း လက်ထဲထည့်ဖေးလိုက်ရင် ဇလေးက မတရား ဖွစ် ညှစ်ကိုင်ထားတတ်ရှာပါ။

အဲဒီအခါမှာ မြိုတလေးက ဖြဲသွားတတ်တယ်။ ဒါမှမဟုတ်၊ အတောင်ပံဖြစ်ဖြစ် ခြေထောက်ဖြစ်ဖြစ် ကျိုး သွားတဲ့အခါ. . .

သားရဲ့အပြုအမူကို သောမက သဘောကျစွာ ရယ် မောနေတတ်တာပြီ။

အခု သည်သားလေး ပျောက်သွားလို့တဲ့၊ သူ့နှလုံး အားခံစားရ ဖော်ကြ အမှန်း မျက်လုံးတွေတောင် ပျာဝေသွားခဲ့ ရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ည မိုးမချုပ်သေးခင်မှာ ရွာကလူတစ်ချို့နှင့် သားပျောက်ရှာဖို့ ထွက်ခဲ့တယ်။

ရွာထဲမှာလည်း ဟိုမေး သည်စမ်းနဲ့ပေါ့။

ဘယ်လိုမှ မေးမြန်းလို့ မရတဲ့အဆုံးမှာ ရွာနားကတောအုပ်ထဲမှာပဲ ရှာဖို့ကျန်တော့တယ်။

သူတို့အားလုံး မီးတုတ်တွေကိုယ်စီနဲ့ တောထဲကို ဝင်လာခဲ့ကြတယ်။ သောမဟာက သူ့သားရဲ့နာမည်ကို တပ်ပြီး တကြော်ကြော်နဲ့ အော်ခေါ်နေမိတယ်။

အတော်လေးကြာတော့ ကလေးတစ်ယောက်ရဲ့ ငိုသံကို ကြားမိလိုက်ကြတယ်။ သူတို့ အားတက်သွားကြတယ်။

အသံရှိရာကို မှန်းဆပြီး မျှော်လင့်ကြီးစွာနဲ့ ရှာဖွေလာခဲ့ကြတယ်။

အသံက ချောက်တိမ်လေး တစ်ခုဆီက ထွက်လာတာ။

ကလေးရဲ့ငိုသံကို အမျှင်မပြတ် ကြားလိုက်ရပြန်တယ်။

သောမလည်း ဘာအန္တရာယ်ကိုမှ ဂရုမစိုက်နိုင်တော့ပဲ သားဇောနဲ့ချောက်ထဲကို ကုပ်တပ်ပြီး သူများထက် အရင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာခဲ့တယ်။

သူတို့ တွေ့လိုက်ရတာကတော့ ယုန်ထောင်တဲ့ ပိုက်တစ်ခုနဲ့ ရစ်ပတ်ဖုံးအုပ်ထားခြင်းခံရတဲ့ သောမရဲ့ကလေးပဲ။

ကလေးငယ်မှာ ထိတ်လန့်တဲ့မျက်လုံးအစုံနဲ့ ငိုကြွေးနေတယ်၊ ဘယ်လောက်အထိ ငိုထားသလည်းတော့ မသိဘူး၊ အသံတောင် မထွက်ရှာနိုင်တော့ဘူး။

"သား၊ သား"

သားငယ်ကို သနားလွန်းလို့ မျက်ရည်တောင် ကျမိတယ်။ အနှောင်အဖွဲ့တွေကို ဖြည်ပြီးတဲ့အခါ သားငယ်ကို ကျစ်ကျစ်ပါအောင် ဖက်ထားမိလိုက်တယ်။

ကလေးကို ကစ်ယောက်ယောက်က ဖမ်းလာပြီး အခိုက်အတံ့မှာ ချုပ်နှောင်ထားတာပဲ ဖြစ်တယ်။ ကံကြီးလို့သာ ပြန်တွေ့ရတာ၊ သိပ်ပြီးနောက်ကျသွားခဲ့ရင် အချိန်တွေ အံချော်သွားခဲ့ရင် သူသိပ်ချစ်တဲ့သားလေးကို တွေ့ရတော့မှာ မဟုတ်ဘူး။

သောမဟာ သူနေ့စဉ် ဖမ်းနေတဲ့ ပိုက်ကွန်ထဲက ငှက်ကလေးတွေကို မြင်ယောင်လာမိတယ်။ ခြင်းထဲက သွားရှုသွေးတမ်းနဲ့ လွတ်နိုင်ဖို့အရေး ပျံသန်းနေကြတဲ့ ငှက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ။

ကုပ်ိုတ်ထာဝိုင်းသူရဲ့ အစာအိမ်ထဲကိုရောက်ဖို့ သွားမယ်ပါမှာ အရသာရှိရှိနဲ့ အစားခံနေကြရတဲ့ စာကလေးလေးတွေ။

ညှုံ့သိုက်မြုံထဲမှာ မီးအမြှုန်အလေ၊ သားသမီး မြန်အလာ တို မျှော်လင့်ကြီးစွာ စောင့်နေကြရတဲ့ စာကလေးတွေ၊

အဲ့ဒီ စာကလေးတွေကို မိတစ်ကွဲ၊ ဖတစ်ကွဲ၊ သား တစ်ကွဲ၊ မယားတစ်ကွဲဖြစ်အောင် လုပ်နေတာ သူမပါလား၊ ငါပါမဲ့လား။

ငါ့သားလေး ပျောက်သွားလို့ ငါခံစားရသလို သူတို့ လည်း ခံစားနေရရှာမှာပဲ။

ငါကြွေခြင့် အသိုက်ထဲမှာ အစာရေစာငတ်မွတ်ပြီး သေဆုံးသွားခဲ့ကြတဲ့ စာကလေးတွေ ဘယ်နှစ်ကောင်မွေဘွင် ရှိခဲ့ပြီလဲ။

စာနာစိတ်အပြည့်နဲ့ ခံစားလာခဲ့ရတယ်၊ ယူကြုံးမရ ဖြစ်လာခဲ့ရတယ်။ စိတ်ဆင်းရဲ ဖြစ်ခဲ့မိရတယ်။

နောက်ဆုံး စာကလေးတွေကို သနားလွန်းလို့ အစ်အစ် အစ်နဲ့ ငိုကြွေးမိတဲ့ အထိ ဖြစ်သွားခဲ့ရတယ်။

သားရယ်၊ အမေတော့ မှားပြီ၊ အခုမှ သိခဲ့ရတော့

www.burmeseclassic.com



သားရဲ့ . . ဟီး . . "

သောမဟာ အိမ်ကိုပြန်ရောက်တဲ့အခါ သူဖမ်းထားတဲ့ စာတွေကို ခြင်းထဲက လွှတ်ပေးလိုက်ပါတော့တယ်။

စာအုပ်ဟာ အတောင်ပံတွေကို သွက်လက်စွာခတ်ပြီး ညမှောင်ရီရီမှာ ပျံသန်းသွားခဲ့ကြတယ်။

သူတို့ကို ဘာဖြစ်လို့ လွှတ်ပေးလိုက်တယ်ဆိုတာ သိချင်မှသိကြမယ်၊ နားလည်ချင်မှ နားလည်ကြမယ်။

ဒါပေမယ့် . . . .

သောမကတော့ သည်ကနေ့ကစပြီး စာဖမ်းအလုပ်ကို ဘယ်တော့မှ မလုပ်တော့ပါဘူးလို့ ဆုံးဖြတ်ချက် ပိုင်ပိုင်ချလိုက် လေတော့သတဲ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အမတ်ကြီး ဦးပေါ်ဦး

အမတ်ကြီး ဦးပေါ်ဦးဟာ ပညာရှိတစ်ဦး ဖြစ်တယ်။ အင်မတန်မှလည်း ဖြတ်ထိုးဉာဏ်ကောင်းတယ်။

ဘဝရှင်မင်းတရားကြီး လက်ထပ်မှာပေါ့။ မင်းကွန်းဘုရားကြီးရဲ့ အရှေ့ဘက် စောင်းတန်းအဆင်းမှာ၊ ဧရာဝတီမြစ်ဆိပ်ကနေ အရှေ့ဘက်ကမ်းကို လှည့်ပြီး အရပ်သုံးတောင်ခြောက်ဆယ် အမြင့်ရှိတဲ့ ခြင်္သေ့ကြီးနှစ်ကောင် ထုလုပ်ဖော်မှုရစေတယ်။

မကြာခင်မှာပဲ ခြင်္သေ့ကြီးနှစ်ကောင်ဟာ ထုလုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြီးစီးသွားတယ်။

ဘုရင်မင်းမြတ်လည်း ရှုစားလိုလို့ ထွက်တော်မူလာတဲ့အခါမှာ အမတ်ကြီး ဦးပေါ်ဦးလည်း ပါလာခဲ့သတဲ့၊ အမတ်ကြီး ဦးပေါ်ဦးကတော့ ခြသေ့်ကြီးတွေကို ကြည့်ပြီး ဘာမှ မပြောဘူး၊ နှုတ်ဆိတ်နေသတဲ့။

အဲ့ဒီမှာ ရှုစားပြီးတဲ့အခါ. . .

နန်းတည်ဝန်မဟာနန္ဒကျော်သူ ကြပ်မတ်ပြီး ပြုလုပ်တဲ့ မင်းကွန်းတစ်ဘက် နန်းတော်ကျွန်းမှာရှိတဲ့ မင်းကွန်းခေါင်းလောင်းတော်ကြီးကို ရှုစားလို လို့ထွက်လာခဲ့ပြန်တယ်။

မင်းကွန်းခေါင်းလောင်းတော်ကြီးဟာ အဝအချင်း တစ်ဆယ့်ကစ်တောင် လေးသစ်၊ အစောက် တစ်ဆယ့်တစ်ထောင် တစ်မိုက်လေးသစ် ရှိတယ်။ ကြေးပိဿာချိန်ကတော့. . .

ငါးသိန်းငါးသောင်းငါးရာငါးဆယ် ပိဿာရှိတယ်။

မင်းကွန်းခေါင်းလောင်းတော်ကြီးကို နန်းတော်ကျွန်းဘက်က မင်းကွန်းဘက်ကို ဖောင်နဲ့ယူဆောင်လာပြီး၊ ဆိုက်ကပ်ထားခြင်းပဲ ဖြစ်တယ်။

ဘုရင်မင်းမြတ်က မင်းကွန်းခေါင်းလောင်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ရှုစားတော်မူနေခိုက်မှာ . . .

အမတ်ကြီး ဦးပေါ်ဦးဟာ ဘယ်လိုစိတ်ကူး ပေါက်လာလို့လည်း မသိဘူး၊ ခြင်္သေ့ကြီး နှစ်ကောင်ရှိရာဘက်ကို လှည့်ပြီး သွားသတဲ့။

အဲ့ဒီအချိန်မှာ ဘုရင်က အနားမှာရှိကုန်ကြတဲ့ ဝန်ကြီး၊ မှူးမတ်တို့ကို . . .

"မောင်မင်းတို့၊ ပေါ်ဦးဟာ ငါ့ရဲ့ခြင်္သေ့ကြီးရှိတဲ့နေရာကို ထွက်သွားပြန်ပြီ၊ ဘာအဖြစ်ပြောဦးမလည်း မသိဘူး"

"ဒီအရူးပါးစပ်က ထွက်ခဲ့ရင် ကောင်းတာပဲဖြစ်ဖြစ်၊ မကောင်းတာပဲ ဖြစ်ဖြစ်၊ နေပြည်တော်မှာ ပေါ်ဦးပြောတိုင်းစကား ဖြစ်တတ်တယ်၊ ဒီကောင် ငါ့ရဲ့ခြင်္သေ့ကို ဘယ်လိုအဖြစ်စကား ပြောမလည်းဆိုတာ သိရအောင် တိတ်တဆိတ် သွားပြီး ကြည့်ကြမယ်"

ဘုရင်မင်းမြတ်ဟာ နောက်ကနေလိုက်လာကြပြီး ဝန်မှူးလေးပါးကို ဓားလွတ်ကိုင်ပြီး အနားမှာ ရှိစေတယ်။ ခြင်္သေ့ကြီးတစ်ကောင်ရဲ့ နောက်မှာကွယ်ရပ်ပြီး နားထောင်နေသတဲ့။

အမတ်ကြီး ဦးပေါ်ဦးကလည်း နောက်လိုက်လူငယ်နှစ်ဦးနဲ့အတူ ခြင်္သေ့ကြီး နှစ်ကောင်ကြားမှာ ထိုင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်ဖို့ စိတ်ထဲလည်း ကြံစည်နေမိတယ်။

"ခြင်္သေ့ကြီးတွေရဲ့ လည်တိုင်က ရှည်တယ်၊ လက်က လည်း ရှည်တယ်၊ ကိုယ်ကလည်း ကြုံလှီ(ပိန်) တယ်၊ တင်ပ ဆုံကလည်း ချွန်တယ်"

အဲ့ဒီလို အပြစ်ပြောချင်တာနဲ့ သူနှုတ်က. . .

"ခြင်္သေ့ကြီး နှစ်ကောင်ကလည်းဗျာ၊ လုပ်ထားလိုက် တာ"

ဦးပေါ်ဦးရဲ့စကား မဆုံးမီမှာ ဘုရင်မင်းမြတ်က ရုတ် တရက် ဝင်ပြီး. . .

"ဟဲ့. . ပေါ်ဦး၊ နင်က ငါ့ခြင်္သေ့တွေကို ဘယ်လိုအ ပြစ်ပြောဦးမလို့လဲ"

လို့ မေးလိုက်တယ်။ ပေါ်ဦးကလည်း အငိုက်မိသွား တာပေါ့။

ဒါပေမယ့် ဘုရင့်ဘက်ကို ချက်ချင်းလှည့်လိုက်ပြီး. .

"မှန်လှပါ၊ ခြင်္သေ့ကြီးတွေက ဘုန်းတော်ကြောင့် အ ရှေ့ဘက်ကို ခန့်လိုက်တော့မယ်လိုလို. . ."

ဆိုပြီး လျှောက်တင်လိုက်လေသတဲ့။

ဘုရင်မင်းတရားကြီးကလည်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ခွေးမသား၊ မောင်မင်း တော်တော်တတ်နိုင်တဲ့ကောင်"

ဆိုပြီး လွှန်စွာပဲ ရယ်မောပြီးတော့ ပြောလိုက်သတဲ့ကွယ်။

ပြီးပါ။

www.burmeseclassic.com

www.burmeseclassic.com

# မြင်းလိမ္မာကြီးကြာညို



www.burmeseclassic.com

www.burmeseclassic.com

# မြင်းလိမ္မာကြီး ကြောညို

ဟိုးရှေးရှေးတုန်းကပေါ့ကွယ်၊ စည်းလုံးညီညွတ်မှုအင်အားနဲ့ ပြည့်စုံတဲ့ တိုင်းပြည်တစ်ပြည် ရှိတယ်။

အဲ့ဒီတိုင်းပြည်မှာ အင့်မတန် အားကိုးရတဲ့ တပ်မှူးကြီး ဗလဆိုတာ ရှိတယ်။

သူဟာ ကြီးမားတဲ့ခွန်အားဗလ ရှိသလို စိတ်ဓာတ်ကလည်း အင်မတန်မှ ကြံ့ခိုင်တယ်။

ဓားရေး၊ လှံရေးနဲ့ မြားအတတ်မှာလည်း ထူးချွန်ပွန်လို့ တိုက်ပွဲတိုင်းမှာ ရဲဝံ့စွာပါဝင်ပြီး တိုက်ခိုက်တဲ့အခါ . . .

သူကြောင့် ရန်သူတွေဟာ ပိုပြီးအလစ်နာကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးကြီးကိုယ်တိုင် ဦးဆောင်ပြီး မကြောက်ရွံ့နဲ့ ရန် သူတပ်ထဲ အတင်းထိုး ဖောက်၊ ဖျက်ထုတ်၊ ရန်သူတွေ ကစဉ့် ကလျားဖြစ်အောင် လှုပ်နိုင်လွန်းလို့ သူ့ကိုသိပ်ပြီး ကြောက် ကြတယ်။

ပုန်ကန်ခြားနားတဲ့ သူပုန်သူကန်တွေဟာ တပ်မှူးကြီး ဗလ ကို အတော်သတိထားကြရတယ်။

မထင်ရှင်မထင်သလို တိုက်ပွဲကြားမှာ မြင်းပေါ်က ဆင်းပြီး ရန်သူကို လက်နှစ်ဘက်နဲ့မြှောက်ပြီး စိုင်ပေါက်လျှင် လည်း ပေါက်တတ်တယ်။

"ဧကယ်ပါပဲ၊ ဒီလူကြီးဟာ ဘီလူး၊ သဘက်စိတ်များ ဝင်လာသလား မသိပါဘူး၊ သူ့မျက်နှာကို မြင်မိလိုက်တာနဲ့ အလိုလို ကျောချမ်းလာမိတယ်"

ပြည့်ရှင်မင်းကြီးဟာ တပ်မှူးကြီးဗလကို အထင်ကြီး လေးစားတယ်၊ ကိုယ့်တိုင်းပြည်ကို သံယောဇဉ်အပြည့်နဲ့ လုံခြုံအောင် ကာကွယ်ပေးနိုင်တဲ့သူမို့ အင်မတန်မှလည်း အားထားတယ်။

ဗလရဲ့အသက်ဟာ ငယ်ငယ်လေးပဲ ရှိသေးတယ်။ ဒါပေမယ့် သူရဲ့စွမ်းဆောင်မှုက ကြီးမားလို့ ငယ်ရွယ်ရွယ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ တပ်မှူးကြီးအဆင့် ရရှိနေတာပဲ ဖြစ်တယ်။

ဗလဟာ မြင်းတွေကို သိပ်ချစ်တယ်။

ရန်သူနယ်မြေမှာ သူနဲ့အတူ ပါဝင်တိုက်ခိုက်နေတဲ့ ရဲဘော်ရဲဘက်တစ်ဦး သေဖော်သေဖက်တစ်ဦးလို့ပဲ သဘော ထားတယ်။

တိုက်ပွဲထွက်ပြီး ပြန်လာခဲ့တဲ့အချိန်ပဲ ဖြစ်ဖြစ်၊ အိမ်မှာ နားနားနေနေ ရှိနေတဲ့အချိန်ဖြစ်ဖြစ် သူ့ရဲ့စစ်မြင်းကြီးကို တယုတယနဲ့ ရှိနေတတ်တယ်။

ဒဏ်ရာရလာရင်လည်း ကိုယ်တိုင်ကြင်ကြင်နာနာနဲ့ ဆေးထည့်ပေးတယ်။

စစ်မြင်းကြီးကလည်း သူ့ကိုချစ်တယ်။

တစ်နေ့မှာ. . .

ကိုယ့်တိုင်းပြည်က သစ္စာဖောက် သူပုန်တွေဟာ တစ်ဘက်အိမ်နီးချင်းနိုင်ငံနဲ့ ပူးပေါင်းပြီး ကျူးကျော်တိုက်ခိုက်ဖို့ ကြံစည်တယ်။

ဘုရင်မင်းမြတ်က တပ်မှူးကြီးဗလကို ရှေ့တော်မှောက် ခေါ်ယူခစားစေပြီး. . .

"တပ်မှူးကြီး၊ သစ္စာဖောက်သူပုန်သူကန်တွေဟာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်နီးချင်းနိုင်ငံနဲ့ ပူးပေါင်းပြီး ငါတို့ကို တိုက်ခိုက်ကြတော့မယ်၊ စစ်အင်အား အလုံးအလောက်နဲ့ သွားရောက်နှိမ်နင်းပါ”

“အမိန့်တော်မြတ်အတိုင်းပါ ဘုရင်မင်းမြတ်”

တိုက်ပွဲဟာ သည်တစ်ခါ ပိုပြီးပြင်းထန်လိမ့်မယ်ဆိုတာ တပ်မှူးကြီးဗလ တွက်ဆမိတယ်။

ကျေးရွာတွေအထိဆင်းပြီး ရဲမက်တွေ စုဆောင်းတယ်၊ စစ်ဆင်၊ စစ်မြင်းတွေကို စုဆောင်းတယ်။

စစ်ပညာတွေကို သင်ပေးပြီး စစ်ရေးလေ့ကျင့်စေတယ်၊ တစ်ဘက်ရန်သူကလည်း သည်ပွဲမှာ တပ်မှူးကြီး ဗလကို အမိကထားပြီး အမိအရဖမ်းဖို့ စီစဉ်ထားကြတယ်။

ရန်သူတွေဟာ. . .

နယ်ခြားအထိ တဖြည်းဖြည်း ချီတက်လာခဲ့ကြတယ်။

သူတို့ အင်အားကလည်း မသေးစား။

တပ်မှူးကြီး ဗလဟာ စစ်မြင်းကြီး ကြာညိုကိုစီးပြီး တပ်မဟာကြီးကို ဦးဆောင်ချီတက်လာခဲ့တယ်။

မကြာမီမှာ သူတို့နှစ်တပ်ဟာ စစ်တလင်းရဲ့အစွန်ဘက်မှာ ရင်ဆိုင်တွေ့မိကြ ပါတော့တယ်။

အချိန်ကျတာနဲ့ တစ်ပြိုင်နက် နှစ်ဘက်လုံး မြေးခင်

www.burmeseclassic.com

www.burmeseclassic.com



-လာပြီး တိုက်ပွဲဖြစ်ပွားခဲ့ကြတယ်။

တပ်မဟာနှစ်ခုစလုံး ထိုးဖောက်ရောနှောသွားခဲ့ ကြတဲ့အခါ ဓား၊ လှံတို့ရဲ့ထိခတ်သံတွေဟာ ဆူညံသွားပါတော့တယ်။

ရန်သူအင်အားက ပိုပြီးတော့ များတယ်။

တပ်မှူးကြီး ဗလလည်း သူ့ရဲ့နောက်ပါ အနည်းငယ်နဲ့ ထိုးဖောက်ဝင်ရောက်ပြီး သူ့ရဲ့မူလအတိုင်း ကရကြမ်း ထိုးဖောက်တိုက်ခိုက်တယ်။

စစ်မြင်းကြီးကြာညို့ရဲ့ မျက်နှာမှာ ချွန်ထက်တဲ့သံချွန်လက်နက်တစ်ခုကို တပ်ဆင်ထားတယ်၊ အဲ့ဒီ သံချွန်နဲ့ ရန်သူမြင်း တွေကိုလည်း တိုက်ခိုက်တယ်၊ ရန်သူတွေကိုလည်း တိုက်ခိုက်တယ်။

ကြာညို့ဟာ စစ်မြေပြင်မှာ တာဝန်ယာမ်းဆောင်ရဖန်များလို့ တိုက်ပွဲရဲ့အကြောင်းကို ကောင်းကောင်း နားလည်နေပြီ။

ဘယ်လိုတိုက်ခိုက်ရမယ် ဆိုတာကိုလည်း သူသိနေတယ်။

ရန်သူတွေဟာ တပ်မှူးကြီးဗလကိုအပြတ် ချေမှုန်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှ နယ်ခြားဒေသကို ကျော်နိုင်မယ်၊ ဟိုဘက်တိုင်းပြည်ထဲကို ချဉ်းနင်းဝင်ရောက် နိုင်လိမ့်မယ်ဆိုတာ သိနေတယ်။

ဒါကြောင့် တပ်မှူးကြီးဗကိုပဲ မဲပြီးတိုက်ခိုက်နေတယ်။ ဗလရဲ့လက်ထဲက ပတ္တမြား ကျောက်စီဓားဟာ ရန်သူသုံးလေးယောက်ရဲ့ ဝိုင်းပြီး တိုက်ခိုက်မှုကြောင့် လက်ထဲကလွတ်ကျသွားခဲ့ရတယ်။

သူ့ကိုလည်း မြင်းပေါ်ကဆွဲချပြီး လက်ရဖမ်းခေါ်သွားခဲ့ကြတယ်၊ ချက်ချင်းပဲ ကားစင် တင်ထားလိုက်ကြတာပေါ့။

တပ်မှူးကြီးဗလကို မိသွားတဲ့အတွက် ရန်သူတွေဟာ သိပ်ပြီး ဝမ်းသာသွားကြသလို အောင်ပွဲခံကြတဲ့အနေနဲ့ စားပွဲသောက်ပွဲကို ကျင်းပကြတယ်။

တိုက်ပွဲကိုလည်း ရပ်နားထားလိုက်ကြတယ်။

ကိုယ့်ရဲ့အား အထားရဆုံး တပ်မှူးကြီးမိသွားတဲ့ အတွက် ရဲမက်တွေဟာ ဘာမှ မတတ်နိုင်ကြတော့ဘူး၊ ဒီလိုပဲ ငြိမ်နေကြရတယ်။

ရန်သူဘက်ကလည်း တပ်မှူးကြီးဗလကို မကယ်တင်နိုင်အောင် အစောင့်တွေ အထပ်ထပ် ချထားတယ်။

တပ်မှူးကြီးဗလကို မိပြီဆိုတဲ့ သတင်းကြောင့် ရန်သူ



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကိုယ်တိုင် စစ်မြေပြင်ကို ဆင်းလာခဲ့တယ်။

ကားဆင်တင်ထားတဲ့ ဗလဆီကို ရောက်တဲ့အခါ.

"ဘယ်လိုလည်း တပ်မှူးကြီး ဗလ၊ မောင်မင်းကို အခု မိပြီ၊ ဘာထက်နိုင်သေးသလဲ၊ တစ်ခုတော့ ရှိတယ်၊ ငါ့ထံမှာ အမှုတော်ထမ်းမယ်ဆိုရင် တပ်မှူးကြီးရာထူးနဲ့ပဲထားပြီး လစာ ကို သုံးဆပေးမယ်"

ဘုရင်မင်းမြတ် ကျွန်နုပ်ဟာ ကိုယ့်တိုင်းပြည်နဲ့လူမျိုး ကို ဘယ်တော့မှ သစ္စာမဖောက်ဘူး၊ အသက်သာ အသေခံ မယ်"

ရန်သူ ဘုရင်ကို စကားတိုတိုနဲ့ ပြတ်ပြတ်ပဲ ပြန်ပြော လိုက်တယ်။

"ကောင်းပြီ၊ သင်ကိုယ်တိုင်က သေဆုကိုတောင်းခံ နေတယ်ဆိုရင်လည်း ရရပါစေမယ်၊ ငါကိုယ်တိုင်က သင်းလို ချင်တဲ့ဆုကို ပေးရတာပေါ့"

ဆိုပြီး သန်လျက်နဲ့ခုတ်ပိုင်းမယ်လို့ ပြင်လိုက်တာနဲ့ပဲ မမျှော်လင့်တဲ့ အချင်းအရာတစ်ခု ဖြစ်ပေါ်လာခဲ့တယ်။

ညအမှောင်မှာ စစ်မြင်းကြီးတစ်ကောင်ဟာ သူ့ရဲ့သူ ဘက်စီးသလို ကြမ်းတမ်းခက်ထန်စွာနဲ့ ရန်သူ့စခန်းထဲကို ထိုး



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြီး ဝင်ရောက်လာခဲ့ပါလေရော။

အဲ့ဒီစစ်မြင်းကြီးဟာ သူ့ရဲ့နဖူးမှာ တပ်ထားတဲ့ သံချွန်ကြီးနှင့် ရန်သူတွေကို ထိုးဖောက်တိုက်ခိုက်ပြီး ဗုရကြမ်းပဲ ဒုန်းစိုင်းလာခဲ့တယ်။

နောက်ဆုံး ရန်သူဘုရင်ဆီကို ရောက်လာတဲ့အခိုက်၊ ရန်သူဘုရင်ရဲ့ သန်လျက်ဟာ တပ်မှူးကြီးဗလရဲ့ ဇက်ပေါ် မရောက်မီ. . .

စစ်မြင်းကြီးက ရန်သူဘုရင်ကို သူ့ရဲ့နဖူးက သံချွန်ကြီးနဲ့ တစ်အား တိုက်ခိုက်ပစ်လိုက်တယ်။

"အား. . ."

ရန်သူဘုရင်ဟာ စစ်မြင်းကြီးကြာညိုရဲ့ လက်ချက်နဲ့ ကျဆုံးသွားခဲ့တာပေါ့။

စစ်မြင်းကြီးကြာညိုက နဖူးကသံချွန်ကြီးနဲ့ သူ့ရဲ့သခင်ရဲ့ လက်မှာ ချည်နှောင်ထားတဲ့ ကြိုးတွေကို ဖြတ်တောက်ပစ်လိုက်တယ်။

အနှောင်အဖွဲ့ လွတ်မြောက်သွားခဲ့တာနဲ့ ရန်သူဘုရင်ကိုယ်ပေါ်က သူ့ရဲ့ပတ္တမြား ကျောက်စီဓားကိုယူပြီး ကြာညိုရဲ့ ကျောပေါ်ကို ခုန်တက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြေးဝင်လာတဲ့ ရန်သူတွေကို သူ့ရဲ့ဓားက တစ်ချက်ကလေးမှ မညှာတာတော့ဘူး။

စစ်မြင်းကြီးကလည်း လေရဲ့အလျှင်မြင်ခြင်းမျိုးကို ရန်သူစခန်းထဲက တစ်ဟုန်ထိုး ထိုးဖောက်ပြီးတော့ ထွက်လာခဲ့တယ်။

သူ့ရဲ့စစ်စခန်းကို ပြန်ရောက်လာခဲ့တဲ့အခါ. . .

ရဲမက်တွေဟာ တပ်မှူးကြီးဗလ လွတ်မြောက်လာတဲ့အတွက် သိပ်ပြီးတော့ ဝမ်းသာနေကြတယ်။

ကစဉ့်ကလျား ဖြစ်နေကြတဲ့ ရန်သူ့ရဲမက်တွေဟာ သူတို့ရဲ့ဘုရင်ကိုယ်တိုင် ကျဆုံးသွားခဲ့တဲ့အတွက် စိတ်ဓာတ်အကြီးအကျယ် ကျသွားခဲ့ကြတာပေါ့။

တပ်မှူးကြီးဟာလည်း အခွင့်ကောင်းကို ယူတဲ့အနေနဲ့ သူ့တပ်ကို ချက်ချင်းပြန်စုစည်းလိုက်တယ်။

ရန်သူ့တပ်ကို အငိုက်မှာဝင်ပြီးတော့ တိုက်တယ်။

သိပ်ပြီးတော့ စိတ်ဓာတ်ကျနေတဲ့ ရန်သူတွေဟာ ကိုယ့်တပ်ကို ဘယ်လိုမှ မကွပ်ကဲနိုင်တော့ပဲ ဆုတ်ခွာထွက်ပြေးကြရတဲ့အထိ ဖြစ်သွားခဲ့ရတယ်။

တိုင်းပြည်သစ္စာဖောက် သူပုန်သူကန်တွေလည်း ကျ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးတဲ့သူကကျဆုံး၊ သုံ့ပန်းဖမ်းမိတဲ့သူ့ကမိန့် အညှဲ့ခံလိုက်ကြရတယ်။

နောက်ဆုံးမှာတော့ . . .

တပ်မှူးကြီး ဗလဦးစီးတဲ့ တပ်မဟာကြီးဟာ အောင်ပွဲနဲ့အတူ မိမိရဲ့တိုင်းပြည်ကို ပြန်လာခဲ့တယ်။

သူ့ရဲ့အသက်ကို ကယ်လိုက်တဲ့အပြင် ရန်သူဘုရင်ကိုပါ တိုက်ခိုက်ခဲ့တဲ့ မြင်းလိမ္မာကြီး ကြာညိုကိုပါ တပ်မှူးကြီးဗလနဲ့အတူ ဘုရင်မင်းမြတ်ရဲ့ သူ့ကောင်းပြုတာကို ခံလိုက်ရသတဲ့ကွယ်။ ။



www.burmeseclassic.com

www.burmeseclassic.com

# ပန်ဒါဝက်ဝံလေးတွေရဲ့မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com

## ပန်ဒါဝက်ဝံလေး တွေရဲ့ မျက်ရည်

ဟိုးရှေးရှေးတုန်းက တောကြီးမျက်မည်းထဲမှာ ပန်ဒါဝက်ဝံတွေ နေထိုင်ကြတယ်။

ဟိုတုန်းက ပန်ဒါဝက်ဝံတွေဟာ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူကြတယ်။

အခု ပန်ဒါဝက်ဝံတွေဟာ မျက်လုံးတစ်ဝိုက်မှာလည်း မည်းနက်နေတယ်၊ နှာခေါင်းကလည်း မည်းတယ်၊ နားရွက်တွေကလည်း မည်းတယ်။

ဟိုတုန်းက တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူပြီး အမှုန်ကျမှ



www.burmeseclassic.com

www.burmeseclassic.com



မျက်စိ၊ နှာခေါင်းနဲ့ နားတွေကပါ ဘာဖြစ်လို့မည်းနက်တုန်ကြ သလဲ။

ပုံပြင်လေးက သည်လိုရှိခဲ့တယ်။

အမျိုးသမီးငယ်လေး တစ်ယောက်ဟာ ပန်ဒါဝက်ဝံ တွေကို သိပ်ချစ်တယ်။

ဝက်ဝံကလေးတွေ လှုပ်ရှားသွားလာနေကြတာကို အမြဲတစေကြည့်ရင်း သဘောကျနေသူ၊ ဝက်ဝံလေးတွေရဲ့ သဘာဝကို မြတ်နိုးနေတဲ့သူ ဖြစ်တယ်။

ပန်ဒါဝက်ဝံလေးတွေကလည်း အဲ့ဒီမိန်းမကြီးကို ချစ် ခင်ကြတယ်။

တောထဲကို ရောက်လာရင် သူနဲ့အတူ ပျော်ရွှင်စွာ ကစားကြတယ်။ တစ်နေ့ကျန်ရင် မိန်းကလေးဟာ သူ့အိမ်ကို ပြန်သွားရောတဲ့ကွယ်။

တစ်နေ့မှာပေါ့. . .

လာနေကျ ထုံးစံအတိုင်း ဝက်ဝံလေးတွေနဲ့အတူ က စားဖို့ ရောက်လာတယ်။

"လာကြဟေ့၊ ငါတို့ အတူတူကစားကြရအောင်"၊

သူတို့က တောထဲမှာ ပြေးလွှားပြီးတော့ ကစားကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

မောပန်းလာတဲ့အခါမှာတော့ . .

"မောပြီကွယ်၊ ခဏနားလိုက်ဦးမယ်ဟေ့"

ပန်ဒါဝက်ဝံလေးတွေဟာ ငြိမ်သက်စွာ အနားယူနေကြတယ်။ သစ်ပင်ကိုမှီပြီး အိပ်တဲ့ကောင်ကအိပ်။

မြက်ခင်းပြင်ပေါ်မှာ မှောက်ပြီး မှိန်းနေတဲ့ကောင်ကမှိန်းနဲ့။

အဲဒီအချိန်မှာ . .

ကျားသစ်ကြီးတစ်ကောင်ဟာ ပန်ဒါဝက်ဝံပေါက်စလေး တစ်ကောင်ကို ချောင်းနေတယ်။

သူ့ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ မျက်လုံးတွေဟာ ပြူးပြူးပြဲပြဲ ဖြစ်ပြီးတော့ စဉ်းလဲလွန်းလှတယ်။

အဲဒီ အန္တရာယ်ကို ဘယ်သူမှ မသိကြဘူး။

ဝက်ဝံလေးဟာ အများနည်းတူ အနားမယူဘူး၊ မအိပ်ဘူး၊ ဟိုသည်လျှောက်သွားပြီး ဆော့နေတယ်။

ကျားသစ်ကြီးကလည်း ဝက်ဝံလေးကို ခုန်အုပ်ဖို့ ဖြည်းဖြည်းနဲ့ တိုးလာခဲ့တယ်။

အမျိုးသမီးလေးရဲ့ မသက်သာမှုမျက်လုံးတွေဟာ ကျား



www.burmeseclassic.com

www.burmeseclassic.com



သစ်ကြီးကို မြင်းသွားခဲ့တာနဲ့ တပြိုင်နက်. . .

"ဟော့ ဒီလို မလုပ်နဲ့လေ"

ဆိုပြီး ဝက်ဝံလေးကိုတယ်ဖို့ ပြေးထွက်သွားတယ်။ သူမက ဝက်ဝံလေးကို တွန်းဖယ်ပစ်လိုက်တဲ့ အချိန်မှာ. . .

ကျားသစ်ကြီးကလည်း ခုန်အအုပ်နဲ့ကြုံကြိုက် သွားခဲ့တာပေါ့။

မိန်းကလေးရဲ့ ကိုယ်ပေါ်ကို ကျားသစ်ကြီးကျသွားသ ဒေါသတကြီးနဲ့ ကိုက်ခဲပစ်လိုက်တာ သေဆုံးသွားပါလေ ာ့ယ်။

ခင်ကြ နောက်တော့. . .

ကျားသစ်ကြီးလည်း ထွက်ပြေးသွားခဲ့တာပေါ့။

ပန်ဒါဝက်ဝံလေးတွေဟာ သူတို့သိပ်ပြီး ချစ်ခင်တဲ့ မိန်းကလေး သေဆုံးသွားခဲ့တဲ့အတွက် ဝမ်းနည်းကြေကွဲခြင်း ဖြစ်ကြရတယ်။

"ငါတို့ဟာ သူ့ရဲ့အသုဘ အခမ်းအနားကိုသွားပြီး ဂါရဝပြုကြရမယ်၊ ဒါဟာနောက်ဆုံး ဆုံတွေ့ခြင်းပဲ ဖြစ်တယ်။ သူ့ကို ငါတို့ နောက်ထပ်ဘယ်တော့မှ ဆုံတွေ့နိုင်ကြတော့ မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းစကားဆိုပြီး ပန်ဒါဝက်ဝံလေးတွေဟာ ဂါရဝပြုဖို့ စုဝေးကြတယ်။

မြို့ပုဂါအန်နက်ကို မြှုပ်ပြီး ခေါင်းလေးတွေကို ငုံ့ တုန့်ရှုံ့နဲ့ ငြိမ်သက်စွာ လမ်းလျှောက်လာခဲ့ကြတယ်။

မိန်းကလေးကို ဂါရဝပြုစဉ်အခါမှာ ပန်ဒါဝက်ဝံကလေးတွေဟာ မျက်ရည်တွေကို မြို့ပုဂါနဲ့ သုတ်ကြတယ်။

မြို့ပုဂါအနက်က ဆေးအချို့ဟာ သူတို့ရဲ့မျက်လုံးပတ်ပတ်လည်မှာ ပေကျံခဲ့ကြတယ်။

မျက်နှာကို လက်နဲ့အုပ်ငိုတဲ့အခါ နားခေါင်းတွေပါ ကျံကုန်ကြတယ်။

နားရွက်တွေကို ထိမိတဲ့အခါ နားရွက်တွေကိုပါ ပေကျံ ကုန်သတဲ့။

အဲသည့်အချိန်ကစပြီး . . .

ပန်ဒါဝက်ဝံလေးတွေရဲ့ အသွင်ဟာ ကိုယ်ပေါ်မှာ ထူးခြားမှုတွေနဲ့ ဖြစ်ပေါ်တည်ဆောက်ခဲ့တာ အခုထိပါပဲ ကွယ်။ ။



www.burmeseclassic.com

www.burmeseclassic.com



မဏပသင့်သည်ကို မဏပရာ

www.burmeseclassic.com

www.burmeseclassic.com

မတုပသင့်သည်ကို မတုပရာ

တစ်ခါတုန်းကပေါ့ကွယ်။

တောတောင်တစ်ခုရဲ့ကြားမှာ ရေအိုင်ကြီး တစ်အိုင်ရှိသတဲ့။

ဆင်ပြောင်ကြီးတစ်ကောင်ဟာ တောထဲကိုဖြတ်ပြီး ရေအိုင်ကြီးဆီကို ရွှေ့ရှုပြီး လာနေတယ်။

ရေအိုင်ကို ရောက်တဲ့အခါ . .

ရေဆင်းချိုးသတဲ့။

သူရေချိုးပုံက ပုံစံအမျိုးမျိုးပဲ ဆိုပါတော့။

နှာမောင်းကို ရေထဲနှစ်ပြီး ချိုးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျောကုန်းကိုလည်း ရေထဲနှစ်ပြီး ဆေးကြောတယ်။

ရေကို နှာမောင်းနဲ့ စုပ်ယူပြီး အပေါ်ကို မှုတ်ထုတ်တယ်။

ရေထဲမှာ အကြာကြီး အချိန်ယူပြီး မြူးတူးဆော့ကစားတတ်။

အားရကျေနပ်လောက်မှ ရေအိုင်ထဲကတက်ပြီး. . .

တောကြီးထဲကို ပြန်ဝင်သွားသတဲ့။

ဆင်ပြောင်ကြီးက အဲ့ဒီလို နေ့စဉ်နေ့တိုင်း ရေအိုင်ကြီးထဲမှာ ရေလာချိုး ချိုးနေတာကို ယုန်သူငယ်လေးတစ်ကောင်က မြင်နေ၊ သိနေတယ်။

BURMESE CLASSIC

"ဒီဆင်ကြီး ရေချိုးတာ တော်တော်လေးကို ကြည့်ကောင်းတယ်၊ ငါလည်း သူ့လိုချိုးကြည့်ချင်စမ်းတယ်"

စိတ်ကူးထဲမှာ ဆင်ပြောင်ကြီးလိုပဲ ရေချိုးနေမိတယ်။

အပေါင်းအသင်း ယုန်အချင်းချင်းကို သူ့ဆန္ဒပြောပြတဲ့အခါမှာ. . .

"မလုပ်ပါနဲ့ကွာ၊ ဒီရေကန်ကြီးထဲ ဆင်းပြီး ဆင်ကြီးရေချိုးသလိုချိုးရင်တော့ မင်းဒုက္ခရောက်မှာ အမှန်ပဲ မင်းက သူ့လိုလုပ်တတ်တာမှ မဟုတ်တာ၊ အေး အေးနေစမ်းပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



ယုန်လေးကို တားမြစ်ကြတယ်။

"ဟာကွာ၊ ဘာလို့မရရမှာလဲ၊ ခဏတာမှတ်လို့ ကြည့်နေ၊ ရေကန်ထဲငါ ဆင်းပြမယ်"

ဆိုပြီး ရေကန်ထဲကို ဆင်းသွားပါလေရော။

ကန်ထဲရောက်တော့. . .

ဆင်ပြောင်ကြီး လုပ်သလိုလိုက်လုပ်တယ်။

ဒါပေမယ့် သူ့ခြေထောက်တွေဟာ သေးကွေးလို့ရေနက်ထဲမှာ ထောက်လို့မမီဘူး။

ချက်ခြင်းပဲ ရေနစ်သွားခဲ့ပါလေရော. . .

"ဝူး ဝါး၊ ဝူး ဝါး၊ ကယ်ကြပါဗျို့၊ ရေနစ် နစ်နေပြီ၊ အား ဝူး"

BURMESE CLASSIC

ကြောက်စိတ်နဲ့ ရေထဲမှာ ယက်ကန်ယက်ကန် ဖြစ်နေပြီး အော်နေပါတော့တယ်။

ကုန်းပေါ်က အပေါင်းအဖော်တွေဟာ. . .

ရေနစ်နေတဲ့ ယုန်လေးဆီကို. . .

သစ်တုံးတွေ ပစ်ပေး။

ကြိုးတွေ ပစ်ပေး။

ဝါးလုံးတွေကို ပေးနဲ့ နည်းအမျိုးမျိုးသုံးပြီး ကယ်ဆယ်

www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့အခါ. . .

ကံကောင်းထောက်မစွာနဲ့ . .

သေကံမရောက် သက်မပျောက်ပဲ ကမ်းပေါ်ကို တက်လာနိုင်ခဲ့တယ်။

ဘ၀တူတွေက အတန်တန်သတိပေးရက်နဲ့ ဆင်ကြီးကို တုပပြီး ရေဆင်းချိုးတဲ့ ယုန်လေးကို အပြစ်တင်ကြတာပေါ့။

"မင်းကွာ၊ ဟိုကဆင်၊ မင်းကယုန်၊ ဒီရေကန်ကြီးထဲကို ဆင် ဆင်းပြီး ရေချိုးတာနဲ့ ယုန်ရေချိုးတာနဲ့ အခြေအနေခြင်းက တူပါ့မလား၊ ကံကောင်းလို့သာပေါ့ကွာ"

"အေးပါကွာ၊ ငါ့နောက်ကို မစဉ်းစား မဆင်ချင်ပဲ မလုပ်တော့ပါဘူး၊ ကတိပေးပါတယ်ကွာ"

BURMESE CLASSIC

တကယ်ပဲ ထိတ်လန့်သွားပြီး နောင်တရသွားခဲ့တဲ့ ယုန်ကလေးဟာ ကိုယ်နဲ့မဆိုင်တဲ့အလုပ်ကို ဘယ်တော့မှ မတုမတော့ဘူးလို့ ဆုံးဖြတ်လိုက်သတဲ့ကွယ်။ ။

ပြီးပါပြီ။



www.burmeseclassic.com